# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်　　၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၇]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။** (ယမကဝဂ္ဂ ဓမ္မပဒ)

# မော်ချီးဒေသမှ သဘာဝဘေးဒဏ်ခံစားခဲ့ရသော ပြည်သူများအား ရှင်သန်ရပ်တည်နိုင်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန်ကူညီပေးမည်



**ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ မြေပြိုမှုဖြစ်ပွားခဲ့သည့်အခြေအနေအား တွေ့ရစဉ်။** (သတင်းစဉ်)

**နေပြည်တော်　အောက်တိုဘာ　၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးရဲထွဋ်တို့နှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားမှုကြောင့် ပြန်လည်ထွက်ခွာလာကြသည့် ဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေး စခန်းဖွင့်လှစ်ထားသော လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်သို့ သွားရောက်ကြပြီး စခန်း၌ရောက်ရှိနေကြသည့် ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးတံခါး အသင့်ဖွင့်ထားမည်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့သည် မြန်မာ့နိုင်ငံရေးဖြစ်စဉ်များတစ်လျှောက် သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ခဲ့ပါပြီ။ လွတ်လပ်ရေးရပြီးနောက် တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးသေးသည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးစာချုပ် (NCA) ကို စတင်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့အနက်မှ ရှစ်ဖွဲ့လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံရေး ဖြစ်စဉ်များတစ်လျှောက် ထူးခြားသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် ငြိမ်းချမ်းရေး၏ အစပင်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲမှုမှသည် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလိုသောဆန္ဒမှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဤ NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် "ကျန်သေးတဲ့အဖွဲ့တွေ ပါဝင်နိုင်ရေးကို ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ သူတို့အတွက်လည်း တံခါးဖွင့်ထားပါတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးညှိနှိုင်းသဘောတူခဲ့တဲ့ အချက်များအပေါ်မှာ အုတ်မြစ်ချထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့အတွက်ကြောင့် ဒီဖြစ်စဉ်ကို အကောင်အထည်ဖော်ရာမှာ သူတို့ဆန္ဒတွေကိုလည်း ထင်ဟပ်စေမှာ ဖြစ်ပါတယ်" ဟု အခိုင်အမာပြောဆိုခဲ့ပြီး ဖြစ်ပါသည်။

နှစ်ပေါင်း ၆၀ ကျော်ကြာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများအကြား စစ်ဘေးစစ်ဒဏ် ကြုံတွေ့ခံစားနေရသော ပြည်သူများ၏ဘဝသည် ဆင်းရဲပင်ပန်းလွန်းလှပါသည်။ ၂၀၁၄-၂၀၁၅ စစ်တမ်းများအရ မြန်မာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းသည် တိုက်ပွဲဖြစ်ရာနေရာဒေသတို့၌ နေထိုင်ကြရပြီး ၄၀ ရာခိုင်နှုန်းမှာ လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများကို ခံစားနေကြရသည်ဟု ဆိုပါသည်။ တိုးတက်ပြောင်းလဲနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် လူသားအားလုံးသာတူညီမျှ ငြိမ်းချမ်းရေးအရသာကို ခံစားနိုင်ရမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအသီးအပွင့်ကို မြန်မာတိုင်းရင်းသားအားလုံး ဆွတ်ခူးစားသုံးနိုင်ခွင့်ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုအားလုံးပါဝင်သော ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုကို အမြန်ဆုံးတည်ဆောက်အကောင်အထည်ဖော်နိုင်ရေး NCA လက်မှတ်ရေးထိုးနိုင်ရန်အတွက် ငြိမ်းချမ်းရေးတံခါးအသင့်ဖွင့်ထားလျက်ရှိပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များကို www.maepaysoh.org ၌ အခမဲ့ရယူနိုင်ကြောင်းနှင့် အသုံးပြုနည်း လမ်းညွှန်များကို ပြည်သူများအလွယ်တကူရယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် ပြည်သူများ ဆန္ဒမဲ မည်သို့ပေးရမည်ကို သိရှိနားလည်လွယ်ကူစေရန်နှင့် မိမိတို့မဲပေးရမည့် မဲဆန္ဒနယ်အလိုက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များနှင့် ယင်းတို့ကိုယ်စားပြုသည့်ပါတီများ၏ မူဝါဒများအကြောင်းကို သိရှိစေရန်အတွက် Asia Foundation မှ မဲပေးစို့ မိုဘိုင်း Apps များကို အခမဲ့ရယူနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ "မဲပေးစို့" မိုဘိုင်း Apps (m Voter 2015 Mobile App)ကို www.maepaysoh.org ၌ အခမဲ့အလွယ်တကူ ရယူနိုင်ပြီဖြစ်သည်။

မဲပေးစို့မိုဘိုင်း Apps ကို ပြည်သူများ အလွယ်တကူရယူနိုင်ရေးနှင့် မည်သို့အသုံးပြုရမည်ကို သိရှိနိုင်ရန်အတွက် မဲပေးစို့မိုဘိုင်း Apps ရယူနည်းနှင့် အသုံးပြုပုံ အဆင့်ဆင့်တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar တို့တွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန Webportal ဖြစ်သော www.moi.gov.mm နှင့် MOI Webportal Myanmar facebook တို့တွင် လည်းကောင်း နေ့စဉ်ထုတ်လွှင့်ဖော်ပြပေးလျက်ရှိသည်။

ထို့အပြင် မဲပေးစို့မိုဘိုင်း Apps (m Voter 2015 Mobile App) ရယူဆောင်ရွက်နိုင်သည့် နည်းလမ်းပါကြော်ငြာပိုစတာများကို ပြန်ကြားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များရှိ လူစည်ကားရာ နေရာများဖြစ်သော လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ဈေးစသည့်နေရာများနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့် နေရာများတွင် ပြည်သူများ အလွယ်တကူ ကြည့်ရှုလေ့လာ ဖတ်မှတ်အသုံးပြုနိုင်ရန် ချိတ်ဆွဲခြင်း၊ ကပ်ထားပေးခြင်းနှင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချတ်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဖိဂျီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဖိဂျီသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဖီလီမုန်းကူးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဖိဂျီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖီလီမုန်းကူးကို ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၎င်းသည် တောင်ပစိဖိတ်တက္ကသိုလ်မှ သမိုင်းနှင့် နိုင်ငံရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်မှစတင်၍ ၂၀၀၃ ခုနှစ်အထိ ဖိဂျီသမ္မတနိုင်ငံ၏ အစိုးရဌာနအသီးသီးတွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ ဖိဂျီအမြဲတမ်းကိုယ်စားလှယ်ရုံး၌ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ အမြဲတမ်းကိုယ်စားလှယ်ရုံး ယာယီတာဝန်ခံအဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၁ ခုနှစ်တွင် မြေယာနှင့် သတ္တုသယံဇာတအရင်းအမြစ်ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစတင်၍ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဖိဂျီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဖီလီမုန်းကူးသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားလေးဦးနှင့် သမီးတစ်ဦးရှိသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း   ၁၆-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၉၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၄၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၉၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၆ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# တောင်သူလယ်သမားများ၏ လူမှုဘဝအကာအကွယ်ပေးရေးအစီအစဉ်များ ထိရောက်စွာလက်တွေ့ဆောင်ရွက်ပေးရမည်

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ FAO ရှိ အလှူရှင်နိုင်ငံများမှ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် နေပြည်တော်တွင် ကျင်းပခဲ့ပြီးဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် မှတ်တမ်းများကို ဗီဒီယိုဖြင့်ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက **(ယာပုံ)** အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs) (၁) (ဂ) အရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်သူဦးရေကို ထက်ဝက်အထိ လျှော့ချရန် ရည်မှန်းထားရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဖွဲ့၏ (၃၉)ကြိမ်မြောက် ညီလာခံတွင် အဆိုပါ ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်နိုင်သည့် နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်ခဲ့ပြီး အသိအမှတ်ပြုဂုဏ်ပြုလွှာ ချီးမြှင့်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏နောက်ဆုံးခန့်မှန်းစစ်တမ်းများအရ လက်ရှိကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံအနက်မှ လူဦးရေ ၇၉၅ သန်းခန့်သည် အာဟာရချို့တဲ့မှု ပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အာဟာရမပြည့်ဝသူရာခိုင်နှုန်းသည် ၁၉၉၀-၉၂ ခုနှစ်တွင် ၂၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၁၂ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ကြောင်း၊ ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ တစ်ဘီလီယံခန့်သည် ပြင်းထန်သည့် ဆင်းရဲနွမ်းပါးမှုကို ခံစားနေကြရကြောင်း၊ ယင်းတို့အနက် ၇၈ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့် တောင်သူလယ်သမားများဖြစ်သည်ကို ထုတ်ပြန်ထားရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးအတွက် **“လူမှုဘဝ အကာအကွယ်ပေးရေးအစီအစဉ်များ”** ကို ထိရောက်စွာ လက်တွေ့ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ ဒေသတွင်း စစ်ပွဲများ၊ မတည်မငြိမ်မအေးချမ်းမှုအန္တရာယ်တို့၏ ဆိုးကျိုးများသည် ကျေးလက်ဒေသနေ လုပ်ကွက်ငယ် တောင်သူလယ်သမားများနှင့် လယ်ယာလုပ်သားများ ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရေးအပေါ် အဟန့်အတားဖြစ်စေမှုမှာ နိုင်ငံတိုင်း လက်ရှိရင်ဆိုင်နေကြရသည့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏လယ်ယာသားငါးထွက်ကုန်များကို ခိုင်မာသောဈေးနှုန်းနှင့် ခိုင်မာသော ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လယ်ယာထွက်ကုန်များကို နိုင်ငံတကာအဆင့်မီ တန်ဖိုးမြှင့်ကုန်ချောအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ကာ **ရေရှည်လုံခြုံစိတ်ချရပြီး ခိုင်မာသေချာ တည်ငြိမ်သော ဈေးကွက်နေရာရရှိရေးနှင့် ချိတ်ဆက် တင်ပို့ရောင်းချနိုင်ရေး လိုအပ်ချက်များကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်** ဖြစ်ပါကြောင်း။

ထို့အပြင် ဝင်ငွေရလမ်းနည်းပါးသည့် လယ်ယာလုပ်ငန်းခွင်ကို စွန့်လွှတ်ပြီး အခြားပိုမိုဝင်ငွေ အခွင့်အရေးရလမ်းရှိသည့် လုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်နေကြသည့်အတွက် လယ်ယာလုပ်သားရှားပါးလာခြင်းသည်လည်း မိမိတို့ ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေကြရသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးရန်နှင့် ၎င်းတို့၏ လူမှုစီးပွားဘဝ တိုးတက်နိုင်စေရန် လိုအပ်သည့် လူမှုဆိုင်ရာအကာအကွယ်များနှင့် ထောက်ပံ့ကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။




နိုင်ငံတော် အစိုးရအနေဖြင့်လည်း လုပ်ကွက်ငယ် တောင်သူလယ်သမားမိသားစုများ၏ ဝင်ငွေတိုးတက် မြင့်လားလာရေးအတွက် မြေယာလုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုပေးခြင်း၊ သီးနှံရာသီအလိုက် ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ သုတေသနနှင့် ပညာပေးစနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးခြင်း၊ စက်မှုလယ်ယာစနစ် ဖော်ဆောင်ခြင်း၊ ရေသွင်းရေထုတ်စနစ်များ၊ ကုန်ထုတ်လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် မျိုးစေ့များ၊ သီးနှံများပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင် စိုက်ပျိုးနိုင်ရန် လိုအပ်သည့် မျိုးစေ့၊ လယ်ယာသုံးသွင်းအားစုများ၊ စိုက်ပျိုးစရိတ်ချေးငွေများကို ထောက်ပံ့ကူညီပေးလျက်ရှိပါကြောင်း။

ယခုနှစ် မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ကြရသည့် မြန်မာပြည်သူလူထုအပေါ် စာနာထောက်ထားမှုနှင့်အတူ အကူအညီများ ပံ့ပိုးပေးခဲ့ကြသော ကမ္ဘာ့နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကအရေးပါသည့် ကျေးလက်နေ တောင်သူလယ်သမားမိသားစုများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားပြီး လယ်ယာလုပ်ငန်းခွင်၌ ပျော်ရွှင်ချမ်းမြေ့နိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ၊ လုပ်ငန်းများကို မိမိတို့အားလုံးအတူတကွ ပူးပေါင်းလက်တွဲ ဖြည့်ဆည်းဆောင်ရွက် သွားကြခြင်းအားဖြင့် ၎င်းတို့၏ ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးကို ကူညီကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်ဖြစ်သည့် **“ကျေးလက်ဒေသ ဆင်းရဲမှုသံသရာကို တိုက်ဖျက်နိုင်ရေး၊ လယ်ယာကဏ္ဍ လူမှုစီးပွားဘဝ ကာကွယ်မြှင့်တင်ပေး” "Social Protection and agriculture: breaking the cycle of rural poverty"** ဆောင်ပုဒ်သည် နိုင်ငံတိုင်းရှိလယ်ယာကဏ္ဍတွင် အဓိကမှီခိုဘဝရပ်တည်ကျင်လည်လှုပ်ရှား ရုန်းကန်နေကြသော ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ ဆင်းရဲမှုဘဝသံသရာမှ လွတ်မြောက်နိုင်စေရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကာကွယ်မှုနှင့် အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ပေးကြရမည်ကို မီးမောင်းထိုးပြထားခြင်းပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ငတ်မွတ်ခေါင်းပါးသူ ပပျောက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ရေးလုပ်ငန်းစဉ်များတွင် နီးနီးကပ်ကပ် ကူညီပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ။

အစိုးရသစ် စတင်တာဝန်ထမ်းဆောင်သည့်ကာလမှာပင် နိုင်ငံတော်သမ္မတ၏ အခြေပြမိန့်ခွန်းတွင် **“ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းတာဝန်”** ကို နိုင်ငံ၏ အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် ဦးစားပေးအကောင်အထည် ဖော်သွားမည်ဟု ကြေညာထားခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီး (၅) ရပ်ကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှု ရလဒ်ကောင်းများအဖြစ် ယနေ့နေပြည်တော်ကောင်စီနယ်မြေတွင် တောင်သူလယ်သမားများအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ထင်ရှားမြင်သာစွာဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ အုတ်မြစ်ချ ဖော်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအပေါ် မိမိတို့၏ သက်တမ်းကာလအတွင်း ကန့်သတ်ချက်များ၊ အခက်အခဲများ၊ ပြစ်တင်ဝေဖန်မှုများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း နောက်အစိုးရသက်တမ်းကာလများအတွက် ရေရှည်နိုင်ငံသူ နိုင်ငံသားများ၏ အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့ခိုင်မာသည့် အုတ်မြစ် (Foundation)များ ချမှတ်ပေးနိုင်ခဲ့ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်ထားရှိပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ မိသားစုတစ်စုချင်းစီ၏ ကိုယ်ကျိုးစီးပွားအတွက် သက်သက်သာမဟုတ်ဘဲ မိမိတို့တစ်နိုင်ငံလုံး၊ ပြည်သူအားလုံးတို့အတွက်၊ မိမိတို့ အာရှဒေသကြီးတစ်ခုလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံးတို့အတွက်၊ လူသားအားလုံးတို့၏ **“နေ့စဉ်လိုအပ်ချက် အခြေခံအခွင့်အရေး” "Basic Human Rights"** အကျိုးစီးပွားကို ဖော်ဆောင်ပေးသည့် လုပ်ငန်းကြီးဖြစ်သည့်အားလျော်စွာ မိမိတို့အားလုံး၏ သားစဉ်မြေးဆက် ရေရှည်အကျိုးအတွက် အတူတကွ ခိုင်ခိုင်မာမာ လက်တွဲကြပြီး လက်ဆင့်ကမ်းဆက်လက် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စ ဘူသီလန်က ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် ငွေကြေးအထောက်အကူအပါအဝင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ကူညီခဲ့ကြသော အာဆီယံမိတ်ဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများမှ သံအမတ်ကြီးများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းကြီးများ ဖြစ်ကြသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ စိုက်ပျိုးရေးပညာနှင့် သုတေသနဌာန (SEARCA)၊ ကမ္ဘာ့ဘဏ် (WB)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ Mokpo National University၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) စသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်များ၊ ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ကြေညာချက်များထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၆

**နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့အကြား အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။**


UN chief welcomes 'milestone' signing of ceasefire agreement in Myanmar

U.N. - Top Stories

15 October 2015 -- United Nations Secretary-General Ban Ki-moon welcomed today the signing of a ceasefire agreement in Myanmar as "a milestone" and expressed his hope that the new government formed after next month"s elections will keep moving forward along the present path of negotiations.

## ကုလသမဂ္ဂ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာနိုင်ငံတွင် ပြုလုပ်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခြင်းကို သမိုင်းမှတ်တိုင်တစ်ခုအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ကြိုဆိုလိုက်ပြီး လာမည့်ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့် လက်ရှိညှိနှိုင်းစေ့စပ်ရေးလမ်းကြောင်းအပေါ် ဆက်လက်လျှောက်လှမ်းမည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ပြီးပြည့်စုံသော နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် စတင်လိုက်ခြင်းသည် အသက်ပေါင်းများစွာဆုံးရှုံးစေပြီး ထောင်ပေါင်းများစွာသော ပြည်သူများ နေအိမ်စွန့်ခွာခဲ့ရသည့် ဆယ်စုနှစ်များစွာသော ပြည်တွင်းစစ်ကာလများ နောက်ပိုင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးလမ်းကြောင်းသစ်တစ်ရပ် ဖော်ဆောင်နိုင်မည်ဟု အသိအမှတ်ပြုယုံကြည်ကြောင်း NCA လက်မှတ်ရေးထိုးအပြီးတွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်၌ ဘန်ကီမွန်းက ထည့်သွင်း ပြောကြားခဲ့သည်။

ဒီမိုကရေစီနှင့် တန်းတူညီတူမှုအပေါ် အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ဖော်ဆောင်မည်ဟူသော အစိုးရ၏ ကြေညာချက်သည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဤသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်သည့်အထိ ဖြစ်ပေါ်စေခဲ့သော စေ့စပ်ညှိနှိုင်းမှုများသည်လည်း သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအကြား ကြီးမားသည့်ယုံကြည်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ လာမည့်လများတွင် ဆက်လက်အကောင် အထည်ဖော်မှုများနှင့်အတူ အဖွဲ့များ ပိုမိုပါဝင်လာနိုင်အောင် လုပ်ဆောင်ရန်လိုကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယနေ့လက်မှတ်ရေးထိုးပွဲသည် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် လက်ရှိအကောင်အထည်ဖော်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုသွက်လက်လာစေမည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောသည်။

ဘန်ကီမွန်းက သမ္မတဦးသိန်းစိန်၏ ဦးဆောင်မှုကို ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အချို့သောအဖွဲ့များ လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသော်လည်း ယနေ့လက်မှတ်ရေးထိုးခြင်းသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများ၏ နှစ်ရှည်လများပဋိပက္ခကို အဆုံးသတ်စေပြီး အတူတကွငြိမ်းချမ်းစွာ နေထိုင်လိုသည့်ဆန္ဒကို ပေါ်လွင်စေပါကြောင်းနှင့် ပေါ်ပေါက် လာမည့် အစိုးရသစ်အနေဖြင့် စေ့စပ်ဆွေးနွေးခြင်းလမ်းကြောင်းမှတစ်ဆင့် ရှေ့ဆက်လျှောက်လှမ်းမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုးကြသူများ၊ လက်မှတ်မရေးထိုးကြသေးသူများနှင့် ပါဝင်ပတ်သက်သူများအားလုံးအနေဖြင့် အပြုသဘောဆောင်သည့် စိတ်ဓာတ်ဖြင့် ငြိမ်းချမ်းသော အနာဂတ်တစ်ရပ်အတွက် အတူတကွလက်တွဲ ဆောင်ရွက်ကြရန် ဆက်လက်တိုက်တွန်းပါကြောင်းနှင့် လာမည့်ရွေးကောက်ပွဲသည် ပွင့်လင်းမြင်သာမှုရှိပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။


Politics

EU welcomes ceasefire agreement in Myanmar

15/10/2015 | LOC 16:24 GMT | World News

BRUSSELS, Oct 15 (KUNA) -- The EU welcomed Thursday the signing of a Nationwide Ceasefire Agreement between the Myanmar government and Ethnic Armed Organisations. "We congratulate the parties on their determination to conclude a challenging negotiation process. After decades of armed conflict and civilian suffering, this day marks a significant milestone on Myanmar/Burma's road to peace, security and prosperity," said EU High Representative Federica Mogherini in a Declaration on behalf of the 28-member Union. The signing of the NCA is essential to establish a just and lasting peace in Myanmar/Burma, it stressed.
The EU noted, however, that not all ethnic armed organisations have signed the NCA today and said it is important that ongoing dialogue with the groups that have not signed is prioritised in order to continue to build trust "The EU is honoured to be one of the parties invited to sign the Nationwide Ceasefire Agreement as an international witness. The EU and its Member States will continue to closely follow the peace process, " it added.
(end) nk.rk

## ဥရောပသမဂ္ဂ

မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးမှုကို အောက်တိုဘာ ၁၅ ရက်တွင် ဥရောပသမဂ္ဂက ကြိုဆိုလိုက်သည်။ ခက်ခဲသောဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်တစ်ရပ် အဆုံးသတ်ရန် ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အစည်းများအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာကြာ လက်နက်ကိုင်ပဋိပက္ခနှင့် အရပ်သားများဆင်းရဲဒုက္ခကြုံတွေ့ပြီးနောက် ယနေ့မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်ကြွယ်ဝချမ်းသာရေးဆီသို့ သွားရောက်ရာလမ်းတွင်ဖြစ်ကြောင်း ဥရောပသမဂ္ဂ အဆင့်မြင့်ကိုယ်စားလှယ် ဖက်ဒီရီကာမိုဂန်နီက အဖွဲ့ဝင် ၂၈ နိုင်ငံပါ ဥရောပသမဂ္ဂကိုယ်စား ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးမှုမှာ မြန်မာနိုင်ငံ၌ တရားမျှတ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတစ်ရပ်တည်ထောင်ရန် မရှိမဖြစ် လိုအပ်ကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

သို့သော်လည်း ယနေ့ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးမှုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးမှု မရှိကြောင်း၊ ယင်းအဖွဲ့များနှင့် ဆက်လက်ဆွေးနွေးရန်မှာ ယုံကြည်မှု ဆက်လက် တည်ဆောက်ရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ သက်သေအဖွဲ့တစ်ခုအဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန် ဖိတ်ကြားခံရသည့် အဖွဲ့များအနက် ဥရောပသမဂ္ဂသည်လည်း အဖွဲ့တစ်ဖွဲ့အဖြစ် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူကြောင်း၊ ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်၍ အနီးကပ်စောင့်ကြည့်လေ့လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။


U.S. DEPARTMENT OF STATE
DIPLOMACY IN ACTION

The United States commends all sides for their ongoing efforts to bring an end to the longest-running civil conflict in the world. The signing of the text of the Nationwide Ceasefire Agreement (NCA) by the government and eight ethnic armed groups is a critical first step in a long process of building a sustainable and just peace in Burma. We recognize that some groups were not able to sign today, and we understand and respect their concerns.. We welcome their commitment to continue discussions within their communities and with the government about the necessary conditions for signing at a future date, and we urge the government to engage constructively in a dialogue with these groups to pursue a more inclusive peace.

## အမေရိကန်ပြည်ထောင်စု

ကမ္ဘာပေါ်၌ အရှည်ကြာဆုံးပြည်တွင်းပဋိပက္ခအဆုံးသတ်ရန် ဆက်လက်ကြိုးပမ်းမှုများအတွက် အဖွဲ့အစည်းများအားလုံးကို အမေရိကန်ပြည်ထောင်စုက ချီးကျူးပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) လက်မှတ်ရေးထိုးမှုမှာ မြန်မာနိုင်ငံ၌ ကြာရှည်ခံသော ငြိမ်းချမ်းရေးတစ်ရပ် တည်ဆောက်ရေး ရှည်လျားသော လုပ်ငန်းစဉ်တစ်ရပ်တွင် အရေးပါသောပထမခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ NCA အား လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့် တိုင်းရင်းသားအဖွဲ့အချို့၏ စိုးရိမ်ပူပန်မှုများကိုလည်း နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းရေးဆက်လက်လုပ်ဆောင်ရာတွင် အဆိုပါအုပ်စုများနှင့် ဆွေးနွေးမှုများဆက်လက်ပြုလုပ်ရန် အစိုးရအား တိုက်တွန်းပါသည်။

NCA ပါဝင်လက်မှတ်ရေးထိုးသည့် အဖွဲ့များအနေဖြင့် ယနေ့လက်မှတ်ရေးထိုးလိုက်သည့် သဘောတူညီချက်ပါ အချက်များကို လိုက်နာရန် မေတ္တာရပ်ခံပါသည်။ ပါတီများနှင့် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခြင်းသည် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် အလွန်ပင်အရေးပါလှသည်။

အမေရိကန်အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစသည့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီမှုတို့ကို အကောင်အထည်ဖော်ဆောင်ရေးတွင် အထောက်အပံ့ အပြည့်အဝပေးမည်ဖြစ်သည်။ လာမည့်အနာဂတ်တွင်လည်း မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးသဘောတူညီမှုများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးများကို တွေ့မြင်ရဦးမည်ဟု မျှော်လင့်လျက်ရှိပါသည်ဟု ဖော်ပြထားသည်။ ။

## နိုင်ငံတကာသတင်း

# တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း လူ ၁၀ သန်း ဆင်းရဲမှုလျော့မည်

**ပေကျင်း အောက်တိုဘာ ၁၆**

လာမည့် ၅ နှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အစီအစဉ်တွင် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးသည် တရုတ်နိုင်ငံ၏ အရေးကြီးသော အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် အခြားဖွံ့ဖြိုးနေသော တိုင်းပြည်များကို နမူနာယူ၍ သိသာထင်ရှားသော တိုးတက်မှုများကို ပြုလုပ်ခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။ လွန်ခဲ့သော ၁၅ နှစ်အတွင်းက တရုတ်နိုင်ငံသည် လူပေါင်း ၆၁၀ သန်းကျော်အား ဆင်းရဲတွင်းမှ ကယ်တင်ခဲ့သည်။

တရုတ်နိုင်ငံသည် လာမည့် ၂၀၂၀ တွင် လူများကို ဆင်းရဲတွင်းမှ ကယ်တင်ရန် မျှော်လင့်ထားပြီး ၂၀၁၃ ခုနှစ်တွင် ဆင်းရဲတွင်းမှ လူပေါင်း ၁၆ သန်းကျော်နှင့် လွန်ခဲ့သောနှစ်က လူပေါင်း ၁၂ သန်း ကျော်ကို ကယ်တင်နိုင်ခဲ့သည်။

ယခုနှစ်တွင် လူပေါင်း ၁၀ သန်းကို ဆင်းရဲတွင်းမှ ကယ်တင်ရန် ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိသည်။ တရုတ်အစိုးရသည် ဆင်းရဲမွဲတေမှုလျော့ချရေးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

အဆိုပါ ကြိုးပမ်းချက်များတွင် လူသားများအားလုံးပါဝင်ရေး မျှော်လင့်ထားကြောင်း၊ လာမည့် ၂၀၂၀ တွင် ကျေးလက်ပြည်သူများကြား ဆင်းရဲမှု လျော့ချသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ရေကြီးမှုနှင့် မြေပြိုမှုကြောင့် တောင်ကာလီဖိုးနီးယားမှ ယာဉ်မောင်းများသောင်တင်ခဲ့

**လော့စ်အိန်ဂျလိ အောက်တိုဘာ ၁၆**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိမြောက်ပိုင်းရှိ တောင်ကုန်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ကာ ကားများရွံ့ဗွက်ထဲနစ်မြုပ်ခဲ့ပြီး အာဏာပိုင်များက အဓိကလမ်းမများကိုပိတ်ပစ်ရန် အလျင်အမြန်ဆောင်ရွက်ခဲ့ရသည်။

လော့စ်အိန်ဂျလိ အနောက်မြောက်ပိုင်းစီရင်စုနှင့် အရှေ့မြောက်ပိုင်း ဗင်တူရာစီရင်စုတို့တွင် ရေကြီးမှုများဖြစ်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ပြီး မော်တော်ဆိုင်ကယ်စီးနင်းသူများအား အဆိုပါဒေသများကိုရှောင်ရှားရန် သတိပေးခဲ့သည်။

မော်တော်ယာဉ်များထဲတွင် သောင်တင်နေသော ယာဉ်မောင်းများအား မီးသတ်သမားများက ကားများထဲမှ ကယ်ထုတ်ခဲ့ကြောင်း လော့စ်အိန်ဂျလိတိုင်းမ်သတင်းစာက ဖော်ပြထားသည်။ အဆိုပါ တောင်ကုန်းဒေသတွင် တစ်နာရီအတွင်း မိုးရေချိန် စင်တီမီတာများစွာ ရွာသွန်းခဲ့သောကြောင့် ယာဉ်သွားလာမှုများပြားသော ပြည်နယ်ချင်းဆက်လမ်းမ၏ အစိတ်အပိုင်းများအား ကယ်လီဖိုးနီးယား အမြန်လမ်းစောင့်ကြည့်ရေးအဖွဲ့က ပိတ်ခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**



Twitter Photo Caltrans District



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ချီးဒေသမှပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

❍ ***ရှေ့ဖုံးမှ***

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် ဘေးသင့်ပြည်သူ ၁၂၉ ဦးကို လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ လွိုင်ကော်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ လိုခါးလိုကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်ချီးဒေသ လိုခါးလိုကျေးရွာ ခရစ်ယာန်နှစ်ခြင်းဘုရားရှိခိုးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အားပေးအမှာစကားပြောကြားရာတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် မိမိတို့နိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆိုးရွားသော သဘာဝဘေးဒဏ် ကျရောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း။

ဇူလိုင်လမှ စတင်ကာ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံတော်မှ ကူညီကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ပြီး မူလဘဝထက် ပိုမိုကောင်းမွန်သော အခြေအနေသို့ရောက်ရှိအောင် စီမံဆောင်ရွက်နေကြောင်း။

မော်ချီးဒေသမှ သဘာဝဘေးဒဏ်ခံရသော ပြည်သူများအနေဖြင့်လည်း စိတ်ပျက်အားငယ်မှုမဖြစ်စေလိုကြောင်း၊ အစိုးရ၊တပ်မတော်နှင့် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများက ရှင်သန်ရပ်တည်နိုင်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ရပ်ဝေးမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများ နေရပ်ပြန်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက်လည်း ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း။

ဆက်လက်အသုံးပြုရန်အတွက် လုံခြုံမှုမရှိတော့သည့် မူလတန်းကျောင်းများကို နေရာသစ်ရွေးချယ်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း။

မော်ချီးမြို့အနေဖြင့်လည်း မြို့ပြအင်္ဂါရပ်များနှင့်ကိုက်ညီပြီး လုံခြုံစိတ်ချရသော၊ ရေရှည်တည်တံ့နိုင်သော၊ သဘာဝဘေးဒဏ်ကို ကာကွယ်နိုင်သော မြို့အဖြစ် ပြန်လည်တည်ဆောက်ရန်အတွက် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

သတ္တုတူးဖော်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားပေးအမှာစကားပြောကြားရာတွင် မော်ချီးမြို့မြေပြိုမှုဖြစ်စဉ်များအတွင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နေရပ်ပြန်လိုသည့် အလုပ်သမားများကို မော်ချီးမှလွိုင်ကော်အထိ တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေကြောင်း၊ မော်ချီးမြို့ ပြန်လည်တည်ဆောက်ရာတွင် တပ်မတော်ကလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း ပြည်နယ်အစိုးရ၏ မြို့ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ၊တပ်မတော်နှင့် ပြည်သူများ အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဘေးသင့်ပြည်သူများအတွက် ပစ္စည်းအမျိုးအစား ၃၀ ပါရှိသည့် ထောက်ပံ့ရေးပစ္စည်း ပုံး ၁၀၀ နှင့် ဘေးသင့်ပြည်သူများ လတ်တလော စားသောက်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများနှင့် မော်ချီးဒေသပြည်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် (MEC) ဆင်းမ်ကတ် ၃၀၀ ကိုလည်းကောင်း တာဝန်ရှိသူများထံပေးအပ်ပြီး ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီးအားပေးသည်။

မော်ချီးဒေသတွင် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ရက်တို့က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ရာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦး သေဆုံးခဲ့ပြီး အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦး ပျောက်ဆုံးခဲ့ကာ အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦးမှာ သဘာဝဘေးဒဏ် ကြုံတွေ့ခဲ့ရသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခြင်း၊



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ချီးဒေသရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မော်ချီးတောင်ပေါ်ကျေးရွာများမှာ နေထိုင်ရန်အန္တရာယ်ရှိသဖြင့် ထပ်မံရွှေ့ပြောင်းလာသော ဒေသခံပြည်သူ ၁၁၈၆ ဦးအား ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ နေရပ်သို့ပြန်လိုသော ခဲတွင်းများတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် လုပ်သား ၂၀၁၄ ဦးကို တပ်မတော်မော်တော်ယာဉ်များအပါအဝင် မော်တော်ယာဉ်များဖြင့် လွိုင်ကော်မြို့သို့ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုအခါ မော်ချီးဒေသ လိုခါးလိုကျေးရွာ ခရစ်ယာန်နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ လိုခါးလိုအလယ်တန်းကျောင်း၊ ဆေးရုံဟောင်းနေရာနှင့် မော်ချီးအထက်တန်းကျောင်းတို့တွင် ဘေးသင့်ပြည်သူ ၇၂၉ ဦးရှိသဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်ချီးဒေသ လိုခါးလိုကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်၌ မော်ချီးဒေသမှ ဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

*ယခုဆောင်းပါးသည် ဂျပန်နိုင်ငံ **NIKKEI ASIA REVIEW** တွင် ဖော်ပြပါရှိခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရေးသားခဲ့သော ဆောင်းပါးဖြစ်ပြီး စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆို၍ ဖော်ပြခြင်းဖြစ်ပါသည်။*

# မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထားရှိသင့်သောအမြင်မှန်နှင့် လက်ရှိဖြစ်ပေါ်နေသောအမြင်များများ



ဦးအောင်မင်း

မီဒီယာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအားလုံးက စာချုပ်ကို လက်မှတ်ရေးထိုးဖို့ အခုအချိန်မှာ အသင့်မဖြစ်ကြသေးတဲ့အတွက်၊ လက်မှတ်မရေးထိုးနိုင်သေးတဲ့အတွက် ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေးစာချုပ် NCA က မအောင်မြင်ဘူးလို့ ရေးကြ၊ ပြောကြ၊ ဝေဖန်ကြတာတွေရှိပါတယ်။ ဒါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သဘောသဘာဝကို အမှန်တကယ် နားမလည်သေးလို့ပဲ ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းရေး လုပ်ဆောင်ရတယ်ဆိုတာ အလွန်ကို ခက်ခဲပါတယ်။ အလွန်လည်း ရှုပ်ထွေးပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုချင်းစီရဲ့ သဘောသဘာဝ၊ တစ်ဖွဲ့ချင်းစီရဲ့ ကိုယ်ကျိုးစီးပွားတွေ၊ သူတို့ကို ထောက်ခံနေတဲ့ ပြည်သူလူထုတွေ၊ ပြီးတော့ သူတို့တွေရဲ့ ငြိမ်းချမ်းရေးရယူလိုစိတ်တွေ ဘယ်လောက်ထိပြင်းထန်လဲ၊ နောက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို အခြားပြင်ပအဖွဲ့အစည်းတွေကနေ ဘယ်လောက်အထိ ဖိအားပေးနေတယ်ဆိုတာ ကြည့်ရပါတယ်။ နားလည်ရပါတယ်။ ကျွန်တော် လေ့လာမှတ်သားရသလောက် ပြောရမယ်ဆိုရင် ဘယ်နိုင်ငံကမှ တိုင်းပြည်တွင်းမှာဖြစ်ပွားနေတဲ့ ပဋိပက္ခအားလုံးကို တစ်ချိန်တည်းတစ်ပြိုင်နက်တည်းမှာပဲ တစ်စုတစ်စည်းတည်း ဖြေရှင်းနိုင်တာ မရှိသေးပါဘူး။ အကြောင်းရင်းကတော့ ရှင်းပါတယ်။ အားလုံးရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် အဖြေမရှိပါဘူး။ ကာလရှည်ကြာစွာ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်မယ်ဆိုရင်လည်း ဒါအောင်မြင်မှုပါပဲ။ ဒီအောင်မြင်မှုကို ကျွန်တော်တို့ကြိုဆိုရမှာပါပဲ။ ကျွန်တော်ဒီလိုပဲခံယူပါတယ်။

ငြိမ်းချမ်းရေး မလိုချင်လို့ NCA ကို လက်မှတ်မထိုးလိုတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ တစ်ဖွဲ့မှ မရှိပါဘူး။ တစ်ခါမှလည်း သူတို့ အဲဒီလိုမျိုး လူသိရှင်ကြားမပြောဖူးပါဘူး။ အချင်းချင်းထဲမှာလည်း မပြောဖူးပါဘူး။ ဒါကို ကျွန်တော်ယုံကြည်ပါတယ်။ ဒီတစ်ခေါက် လက်မှတ်မရေးထိုးနိုင်သေးတဲ့အဖွဲ့တွေအပါအဝင် အားလုံးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက NCA မှာပါတဲ့ အခန်းတွေနဲ့ အချက်တွေကို သဘောတူညီထားပြီး ဖြစ်ပါတယ်။ ဒီတစ်ခေါက် NCA မှာ လက်မှတ်မရေးထိုးနိုင်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့ရှိပါသေးတယ်။ ကျန်ပါသေးတယ်။ ကျန်သေးတယ်ဆိုတာက အနာဂတ်မှာ သူတို့တွေလက်မှတ်မရေးထိုးနိုင်ဘူးလို့ဆိုလိုတာ မဟုတ်ပါဘူး။ နိုင်ငံတကာစာချုပ်တွေ လေ့လာကြည့်မယ်ဆိုရင်လည်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့တွေ အချိန်မရွေးလာပြီးတော့ လက်မှတ်ရေးထိုးနိုင်ဖို့အတွက် တံခါးကို အမြဲတမ်းဖွင့်ထားပေးမှာဖြစ်ပါတယ်။




မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီးတော့ အွန်လိုင်း၊ မီဒီယာနှင့် နောက်ကွယ်မှာ ထင်ကြေးပေးပြောဆိုမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နှစ်ပေါင်း(၆၀)ကျော် ဖြစ်ပွားနေခဲ့တဲ့ ပဋိပက္ခနှင့် ပြည်တွင်းစစ်ပွဲတွေကို အဆုံးသတ်နိုင်အောင် လွန်ခဲ့တဲ့လေးနှစ်ကစပြီး ကျွန်တော်တို့ ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ ဒီလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ထင်မြင်ယူဆချက်တွေ အများကြီးထွက်ပေါ်လာခဲ့ပါတယ်။ ကောက်ချက်မျိုးစုံချခဲ့ကြပါတယ်။ ခန့်မှန်းချက်ပေါင်းစုံလည်း ပေးခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်နေချိန်မှာ အခက်အခဲတွေရှိမယ်ဆိုတာကို ကျွန်တော်သိပြီးဖြစ်ပါတယ်။ အဲဒီ အခက်အခဲတွေကို ရင်ဆိုင်ဖို့ကိုလည်း ကျွန်တော်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်တဲ့အပေါ်မှာ အဲဒီလောက်အထိ အဆိုးမြင်မှုတွေ၊ သံသယတွေရှိကြလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့မိပါဘူး။ မြန်မာနိုင်ငံရဲ့ ဒေသအများစုမှာ ပဋိပက္ခဖြစ်ပွားမှုကို သိသိသာသာ ကျဆင်းသွားအောင် စွမ်းဆောင်မှုတွေလုပ်ဆောင်နိုင်ခဲ့ပေမယ့်လည်း ကျရှုံးမှုတွေကို အချိန်မရွေး ရင်ဆိုင်ရနိုင်တယ်ဆိုတာ ကျွန်တော်တို့ အစကတည်းက မျှော်လင့်ထားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ဆောင်မှုတွေမှာ အခက်အခဲတွေ ကြုံတွေ့ရတိုင်း ဒါတွေကို လွန်ခဲ့တဲ့ရက်သတ္တပတ်က ဖြစ်ပျက်ခဲ့တဲ့ အကြီးအကျယ်ဆုံးရှုံးမှုတစ်ခုပုံစံမျိုးနဲ့ ပုံကြီးချဲ့ပြောဆိုကြတာကို ခံကြရပါတယ်။ တကယ့်ကိုထိလွယ်ရှလွယ်တဲ့ အချိန်ကတည်းက ဒီလုပ်ငန်းစဉ်မှာ ပါဝင်ခဲ့သူတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် အပြင်ကနေ စောင့်ကြည့်လေ့လာသူတွေရဲ့ အလျင်စလို ဝေဖန်သုံးသပ်ချက်တွေနဲ့ မျှော်လင့်ချက်ကို ဆုတ်ယုတ်စေတဲ့ ခန့်မှန်းချက်တွေကြောင့် အခက်အခဲကြုံခဲ့ရတဲ့အချိန်တွေ အများကြီးရှိခဲ့ပါတယ်။ အဲဒီအခက်အခဲတွေဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိဖို့အတွက် လုပ်ဆောင်နေသူတွေရဲ့ မျှော်လင့်ချက်တွေ၊ ငြိမ်းချမ်းရေးရရှိဖို့ စဉ်းစားတွေးတောရဲသူတွေရဲ့သတ္တိတွေကို ထိခိုက်စေပါတယ်။

ကျွန်တော်တို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးဖို့ ပြင်ဆင်နေတာနဲ့အမျှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ဆိုတာဘာလဲ၊ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီပေါ်ထွန်းဖို့အရေး အစီအစဉ်ကိုဖော်ဆောင်ရေးဆွဲရာမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်က ဘာကြောင့်အရေးပါတာလဲ၊ ပြီးတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်က ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်တွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်သလဲ ဆိုတာတွေအပေါ်မှာထားရှိတဲ့ ကျွန်တော့်ရဲ့သဘောထားကို ဝေမျှပေးဖို့ အချိန်ကျရောက်လာပြီလို့ယူဆပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာမျိုးစုံနှင့် အမျိုးမျိုးအထွေထွေ ကွဲပြားမှုတွေရှိနေပါတယ်။ ဆွေးနွေးပွဲစကားဝိုင်းတစ်ခုတည်းမှာထိုင်ပြီး သာတူညီမျှရှိတဲ့ အနာဂတ်တစ်ရပ်ကို ကျွန်တော်တို့ တစ်စုတစ်စည်းတည်း ပုံဖော်နိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ ပထမဆုံးသော သေးငယ်တဲ့ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ဟာ ရည်မှန်းချက်ပန်းတိုင်သုံးရပ်ကို ဖော်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ပြီးရေးဆွဲထားတာပါ။ ပထမဆုံးအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ဟာ လက်နက်ကိုင်တပ်ဖွဲ့များအကြားမှာ ရန်လိုတိုက်ခိုက်မှုတွေကို လျှော့ချရုံတင်မကဘဲ တိုက်ခိုက်မှုတွေမရှိရေးအတွက် လက်ရှိ ကနဦး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ အသွင်ကူးပြောင်းပေးနိုင်သော ခိုင်မာတဲ့စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရေးပင် ဖြစ်ပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့များအားလုံး လိုက်နာရန် ကျင့်ဝတ်စည်းကမ်းများရေးဆွဲခြင်း၊ ပူးတွဲစောင့်ကြည့်လေ့လာရေး ကော်မတီဖွဲ့စည်းခြင်း စတာတွေအပြင် အရပ်ဘက်ပြည်သူလူထုကို ကာကွယ်နိုင်ရေးအတွက် ကြိုတင်စီမံမှုတွေ လုပ်ရပါတယ်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ဖို့အတွက် ဒီနည်းလမ်းတွေက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နဲ့အတူ တစ်ပါတည်းလုပ်ဆောင်ရမယ့် နည်းလမ်းအချို့ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ စစ်မှန်ခိုင်မာပြီး အားလုံးပါဝင်ခွင့်ရှိတဲ့ နိုင်ငံရေးစကားဝိုင်းလုပ်ငန်းစဉ်တစ်ရပ်ကို လမ်းဖွင့်ပေးမှာဖြစ်ပါတယ်။ အဲဒီနိုင်ငံရေးစကားဝိုင်းမှာ နှစ်ဖက်လုံးမှာရှိတဲ့ လက်နက်ကိုင်ဆောင်ထားသူများသာမက အခြားသက်ဆိုင်သူပေါင်းစုံပါဝင်ပြီး အချိန်ကြာရှည်စွာ ကိုင်စွဲထားသော မကျေနပ်ချက်များနှင့် နစ်နာချက်များကို ဆွေးနွေးတိုင်ပင်ကြမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ NCA ကို လက်မှတ်ထိုးခြင်းဟာ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြစ်တဲ့ မြန်မာနိုင်ငံသားတွေရဲ့ အသံတွေကို တစ်စုတစ်စည်းတည်းဖြစ်သွားစေမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံကို ဘယ်လိုနိုင်ငံမျိုးဖြစ်စေချင်သလဲဆိုတဲ့အပေါ် မူတည်ပြီး ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ပြန်လည်ပုံဖော်ရမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်း စတင်ခြင်းဟာ လာမယ့်အနာဂတ်မှာ အနာဂတ်နိုင်ငံတော်အစိုးရနှင့် အဘက်ဘက်မှခေါင်းဆောင်များအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်နိုင်ဖို့အတွက် စမှတ်တစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်တော် အမြဲတမ်းယုံကြည်ထားတာကတော့ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီမရနိုင်ပါဘူး။နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးမှာ ဘယ်သူပဲအာဏာရရ ငြိမ်းချမ်းရေးကို ဆက်လက်လုပ်ဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေခံခိုင်ခိုင်မာမာနဲ့ ထားခဲ့ရမှာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာဖို့အတွက် လုပ်ဆောင်နေခြင်းလည်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အချို့သော ကောလာဟလတွေကို ဒီထက်ပိုပြီး မကြီးထွားလာမီ ကိုင်တွယ်ဖြေရှင်းချင်ပါတယ်။ ရွေးကောက်ပွဲမှာ လက်ရှိအစိုးရအောင်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ရွေးကောက်ပွဲမတိုင်မီလက်မှတ်ထိုးနိုင်ဖို့ တွန်းအားပေးလုပ်ဆောင်နေတယ်လို့ တချို့က ကျွန်တော်နဲ့လက်ရှိအစိုးရကို စွပ်စွဲပြောဆိုထားတာတွေရှိပါတယ်။ အမှန်အတိုင်းပြောရရင် လူကြိုက်များထောက်ခံမှုရအောင်လုပ်ဖို့ဆိုရင် မြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်တာထက် လွယ်ကူတဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်လုပ်ဆောင်ကတည်းက အဲဒီလုပ်ငန်းစဉ်မှာ ပါဝင်တဲ့ ဘယ်သူကမှ အဲဒီလိုလွဲမှားတဲ့ အတွေးမျိုးကို မတွေးဘူးဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ အတူတကွရယူခဲ့တဲ့ အောင်မြင်မှုတွေ၊ ကျွန်တော်တို့ အစွမ်းကုန်အားထုတ်ကြိုးပမ်းပြီး ကျော်ဖြတ်ခဲ့တဲ့ အခက်အခဲအတားအဆီးတွေက ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမယ့် နိုင်ငံရေးအခင်းအကျင်းအသစ်မှာ အဟန့်အတားမဖြစ်စေနိုင်ဖို့အတွက် အချိန်ကန့်သတ်ချက်အောက်မှာ အမြဲတမ်းလုပ်ကိုင်ဆောင်ရွက်နေရပါတယ်။ ပါဝင်သူတွေအကြားမှာ အဓိကကျတဲ့သဘောတူညီချက်များကို ခိုင်မာလာစေခြင်းအားဖြင့် ကျွန်တော်တို့ဟာ ပိုမိုတည်ငြိမ်တဲ့ အသွင်ကူးပြောင်းမှုတစ်ရပ်ကို ဖြစ်ပေါ်လာစေပြီး အသစ်အသစ်သော အနှောင့်အယှက်အဟန့်အတားများ (သို့မဟုတ်) အနှောင့်အယှက်အဟန့်အတားများ အသစ်တစ်ဖန်ပြန်လည်ပြီး မဖြစ်ပွားအောင် တားဆီးနိုင်မယ့်အခွင့်အလမ်းတွေ ပိုမိုရှိလာမှာဖြစ်ပါတယ်။

စာမျက်နှာ ၈ သို့

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အောင်မြင်စွာလက်မှတ်ရေးထိုးပွဲအခမ်းအနား ဓာတ်ပုံမှတ်တမ်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားအစည်း အရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးအား လက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းအား လက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) မှ ဒေါ်စောမြရာဇာလင်းအား လက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) စစ်ဦးစီးချုပ် စောလားဘွယ်အား လက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)







၁၅-၁၀-၂၀၁၅ ရက်က ကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

အစည်းအဝေးတွင် ဒုတိယ သမ္မတက ယနေ့အစည်းအဝေးသည် NCA တွင် ပါဝင်သည့် သဘောတူညီချက်များအတိုင်း စာချုပ်အကောင်အထည်ဖော်မှု၏ ပထမဆုံး စတင်သည့် ခြေလှမ်းသာဖြစ်ပါကြောင်း၊ ယခုအဆင့်မှနေ၍ ရှည်လျားသည့် ရှေ့ခရီးကို နှစ်ဖက်စလုံးက လျှောက်လှမ်းကြရဦးမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်သမ္မတ ယမန်နေ့က မိန့်ကြားခဲ့သည့် အစိုးရ၏မူကို ထပ်လောင်းပြီး ပြောလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ဖက်လက်မှတ် ရေးထိုးခဲ့သည့် NCA စာချုပ်ကို လေးစားလိုက်နာပြီး စာချုပ်ပါသဘောတူညီချက်များအတိုင်း၊ စာချုပ်ပါ အချိန်ဇယားများအတိုင်း အတိကျဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

NCA စာချုပ်အကောင်အထည်ဖော်မှုကို ဆက်လက်အားသွန်ခွန်စိုက်လုပ်ဆောင်ရင်း လက်မှတ်မရေးထိုးနိုင်သေးသည့် အဖွဲ့များကိုလည်း ယခုငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ညှိနှိုင်းအစည်းအဝေးမှ နှစ်ဖက်တာဝန်ရှိသူများပါဝင်သည့် (JICM) ကို ဖွဲ့စည်းနိုင်ရန် မျှော်လင့်ပါကြောင်း။

အစည်းအဝေးကို တက်ရောက်လာသည့် နှစ်ဖက်တာဝန်ရှိသူများမှ JICM ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို NCA တွင် ပါရှိသည့်အတိုင်း သတ်မှတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ NCA တွင် သဘောတူညီထားသည့်အတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းပြီးသည်နှင့် ယခုအစုအဖွဲ့နှစ်ခုက ငြိမ်းချမ်းရေးလုပ်ငန်းများကို ပူးတွဲ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ယခုစာချုပ်ကို အကောင်အထည်ဖော်ရာတွင် မှန်းဆ၍ မရနိုင်သေးသည့် အခက်အခဲများကို ရင်ဆိုင်ရမည့် အခြေအနေများလည်း ရှိလာနိုင်ပါကြောင်း၊ သို့သော်လည်း ယခင်ကာလများကဲ့သို့ နှစ်ဖက်စိတ်ရှည်သည်းခံမှုများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ၎င်းအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခု JICM ကို ဖွဲ့စည်းပြီး အမြဲက အကောင်အထည်ဖော်သွားမည့် JMC နှင့် UPDJC တို့ အသက်ဝင်လာအောင် ဝိုင်းဝန်းကြိုးစားသွားကြရန်နှင့် NCA ကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် အားလုံးလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက နှုတ်ခွန်းဆက်ပြောကြားရာ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အသက်သွင်းသည့်နေ့လည်း ဖြစ်ပါကြောင်း၊ ယနေ့မှစပြီး နိုင်ငံတော်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားများဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက NCA သဘောတူစာချုပ်တွင်ပါသည့် အချက်များကို အကောင်အထည်ပေါ်သည်အထိ ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် စစ်ရေးကိစ္စရပ်များကို ဆောင်ရွက်မည့် JMC ကော်မတီနှင့် UNDJC အဖွဲ့များ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်သွားမည်ဟု ထည့်သွင်းပြောကြားသည်။



**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် တိုင်းရင်းသားများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်း နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ JICM ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ JICM နှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ JMC အစည်းအဝေးပြုလုပ်မည့်ရက် သတ်မှတ်ခြင်းကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

လေးနှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ အစွမ်းကုန်အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အောင်မြင်မှုတွေ အများကြီးရရှိခဲ့သလို အခက်အခဲအတားအဆီးတွေလည်း အများကြီးတွေ့ကြုံခဲ့ရပါတယ်။ အစိုးရကိုယ်စားလှယ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့ချင်းစီရဲ့ တွေ့ဆုံညှိနှိုင်းမှုတွေ၊ အောက်ခြေအဆင့်မှာလည်း လက်နက်ကိုင်ပဋိပက္ခတွေ မဖြစ်ပွားစေဖို့အတွက် စီမံဆောင်ရွက်မှုတွေရှိတာကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ နေရာဒေသအနှံ့အပြားမှာ သိသိသာသာနဲ့ လျော့ကျလာတာကို တွေ့နိုင်ပါတယ်။ ဒါပေမယ့်လည်း အချို့နေရာဒေသတွေမှာ စစ်ပွဲတွေ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်တဲ့အတွက် ဒီအောင်မြင်မှုရလဒ်တွေကို မှေးမှိန်သွားစေပါတယ်။ ကျွန်တော့်ကို ဒီထက်ပိုလိုချင်သလားလို့ မေးမယ်ဆိုရင် မှန်ပါတယ်။ ကျွန်တော် ဒီထက်အများကြီးပိုလိုချင်ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဒီထက်အများကြီး ပိုလုပ်နိုင်သေးလားဆိုပြီး အမြဲတမ်း ပြန်ဆန်းစစ်လေ့ရှိပါတယ်။ ဒါပေမယ့်လည်း အတိတ်ကအခြေအနေတစ်ရပ်ကို လက်ရှိအခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ပြီး ကောက်ချက်ချမယ်ဆိုရင် အများကြီး လွဲချော်နိုင်ပါတယ်။ ကိုယ်လိုချင်နေတာကိုပဲ မျှော်ကြည့်ပြီး လက်တွေ့ရရှိနေတဲ့ အတိုင်းအတာတစ်ခုကို မျက်နှာလွှဲခဲ့ပစ် လျစ်လျူရှုလိုက်မယ်ဆိုရင် အလွန်ကိုအန္တရာယ်ကြီးပါတယ်။ လက်နက်ကိုင်ပဋိပက္ခတိုင်းက အလွန်ကိုခက်ခဲပါတယ်။ အလွန်ကိုရှုပ်ထွေးပါတယ်။ ကျွန်တော်တို့ဘက်ပေါင်းစုံကနေ စဉ်းစားရပါတယ်။ အပေါ်ယံကြည့်ရုံ၊ အကဲဖြတ်ရုံနဲ့ မရပါဘူး။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်လား၊ မအောင်မြင်ဘူးလားဆိုတာ NCA ကို အကောင်အထည်ဖော်တဲ့အခါ တွေ့ရမှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးလိုက်ခြင်းက ရှေ့ဆက်သွားမယ့်လုပ်ငန်းစဉ်ရဲ့ ကနဦးခြေလှမ်းပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခက်အခဲ၊ အတားအဆီးတွေကို အားလုံးနဲ့ အတူတကွ ရင်ဆိုင်ဖြေရှင်းပြီး သွားချင်ပေမယ့်လည်း ကိုးကန့်ဒေသမှာ မမျှော်လင့်ဘဲ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေက ကျွန်တော်တို့ကို ဘေးကျပ်နံကျပ်ဖြစ်စေခဲ့ပါတယ်။ ကိုးကန့်ပဋိပက္ခကို ဖြေရှင်းဖို့အတွက် ကျွန်တော်တို့ရဲ့ စိတ်ခံစားချက်တွေကို ဘေးချိတ်ပြီး အောက်ခြေအဆင့်မှာ အများကြီး စီမံဆောင်ရွက်ဖို့ လိုအပ်ခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေသေးတဲ့ နေရာဒေသတွေအတွက် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ရဖို့အတွက်ဆိုရင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA နှင့် နိုင်ငံရေးဆွေးနွေးပွဲတွေက အကောင်းဆုံးနည်းလမ်းပဲ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ခိုင်ခိုင်မာမာယုံကြည်ပေမယ့်လည်း အချို့သောလက်နက်ကိုင်အဖွဲ့တွေက အဲဒါကို တစ်မျိုးတစ်ဖုံရှုမြင်ကြပါတယ်။ ဒါကိုလည်း ကျွန်တော်နားလည်ပါတယ်။ အတိတ်ရဲ့ နာကြည်းချက်တွေကို ကိုင်စွဲထားပြီး အနာဂတ်ကို ပုံဖော်မလား၊ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး သံသယတွေနဲ့ ရှင်သန်နေထိုင်ကြမလားဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်မေးကြည့်ရမှာ ဖြစ်ပါတယ်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ မြန်မာနိုင်ငံသားတွေကိုယ်တိုင်က တယုတယ ပြုစုပျိုးထောင်ကြိုးပမ်းခဲ့တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် အပြည့်အဝနားလည်နိုင်မှာမဟုတ်ပါဘူး။ ဆိုလိုချင်တာကတော့ နိုင်ငံတကာသူငယ်ချင်းတွေရဲ့ အကူအညီ၊ အထောက်အပံ့တွေကို အများကြီးကျေးဇူးတင်ပါတယ်။ ရှေ့ဆက်လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်မှာလည်း အကောင်အထည်ဖော်ဆောင်ရွက်စရာတွေ အများကြီးရှိသေးတာဖြစ်တဲ့အတွက် သူတို့ရဲ့အကူအညီတွေကို ဆက်လက်လိုအပ်နေဦးမှာဖြစ်ပါတယ်။ဒါပေမယ့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက ပညာရှင်တွေအနေနဲ့ သိထားရမယ့် အရာတစ်ခုက ၎င်းတို့အနေနဲ့ ကျွန်တော်တို့နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ တကယ့်လက်တွေ့ပြဿနာတွေကို သေသေချာချာနားမလည်သေးဘူးဆိုတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး (သို့မဟုတ်) မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို အလေးအနက်မထားဘဲ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားနေခြင်းက အဖြေရရှိရေးနည်းလမ်းတွေထက် ပြဿနာတွေကိုသာ ပိုပြီးဖြစ်လာစေပါတယ်။ ကျွန်တော်တို့ကနေနိုင်ငံတကာအသိုင်းအဝိုင်းကို အကူအညီတောင်းခံတဲ့အခါ ကျွန်တော်တို့ရဲ့တောင်းဆိုချက်တွေနဲ့ ဦးစားပေးရမယ့်အချက်တွေကို နားလည်ပြီး တုံ့ပြန်ပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို မေတ္တာရပ်ခံလိုပါတယ်။ ပြီးတော့ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်ကြတဲ့ ကျွန်တော်တို့နိုင်ငံသား Stakeholders တွေကိုသာ ဒီအခင်းအကျင်းအတွင်းက လုပ်ဆောင်ဖို့ရှိတာတွေကို ကိုယ်တိုင်ပြင်ဆင်စေပြီး အခက်အခဲအတားအဆီးတွေကိုလည်း ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်ဖြေရှင်းစေသင့်ပါတယ်။ တစ်နေ့မှာတော့ မြန်မာနိုင်ငံသားတွေကိုယ်တိုင် လိုချင်တောင့်တနေကြတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ကိုယ်တိုင်ဆွတ်ခူးရယူနိုင်ကြမှာပါ။

ငြိမ်းချမ်းရေးလုပ်ရတာ တကယ့်မလွယ်ကူတဲ့အလုပ်ပါ။ ကိုယ်နဲ့ အရင်တုန်းက ရန်သူဖြစ်ဖူးတဲ့သူတွေနဲ့ သူငယ်ချင်းလုပ်ရတဲ့အလုပ်၊ တစ်ခါတလေ ကိုယ်နဲ့သေတူရှင်ဖက်ဖြစ်နေတဲ့ ကိုယ့်ရဲဘော်တွေကိုတောင် မာမာထန်ထန်ပြောရတဲ့ အလုပ်လည်း ပါဝင်ပါတယ်။ လေးနှစ်တာကာလပတ်လုံး ကျွန်တော်နှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံကနေပြီးတော့ ငြိမ်းချမ်းရေးအတွက် အားသွန်ခွန်စိုက် မနားမနေကြိုးပမ်းအားထုတ်ခဲ့တဲ့သူတွေကို ပြောချင်ပါတယ်။ ကျွန်တော်တို့က အရင်တုန်းက ရန်သူတွေပါ၊ အခုတော့ ငြိမ်းချမ်းရေးအတွက် ကျားကုတ်ကျားခဲ ဆောင်ရွက်နေကြတဲ့ အကျိုးတူပါတနာတွေဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဒဏ်ကိုလည်း တိုက်ရိုက်ခံစားခဲ့ကြဖူးပါတယ်။ အခုတော့ ကျွန်တော်တို့အားလုံးက ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အတိတ်ဒဏ်ရာကိုယ်စီနဲ့အတူ ရောက်ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အရှေ့က သွားနှင့်လေပြီးတဲ့ ရဲဘော်တွေလိုပဲ ကျွန်တော်တို့ မသေဆုံးခင်အချိန်လေးမှာ ကျွန်တော်တို့ ခံစားနာကျင်ခဲ့သလိုမျိုး ကျွန်တော်တို့ရဲ့ အနာဂတ်ကလေးတွေ မခံစားရစေမယ့် လမ်းကြောင်းအသစ်တစ်ခုကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိပြီး ဖြစ်ပါတယ်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကျွန်တော်တို့အားလုံးအတူတူ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုတွေကို ခင်ဗျားတို့အားလုံးနဲ့ မျှဝေခံစားခွင့်ရတဲ့အတွက် ကျွန်တော်အတိုင်းမသိဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ အနာဂတ်ကောင်းတစ်ခုအတွက် ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြပါစေ။ ။



**ဦးအောင်မင်းသည် နိုင်ငံတော်သမ္မတရုံး၏ ပြည်ထောင်စုဝန်ကြီးဖြစ်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုရသော စေ့စပ်ညှိနှိုင်းရေး ခေါင်းဆောင် (Chief Negotiator) ဖြစ်ပါသည်။**

# ညီစေတဲ့ ညီစေ

* ညီစေတဲ့ ညီစေ
တို့မြန်ပြည်(ပြေ) လှေလှော်သားတို့
ကချင် ကရင် မွန် ကယားနှင့်
တိုင်းရင်းသား ဗမာ ရှမ်း ရခိုင်ပင်
လူမျိုးက စုံလင်
မြန်ပြည်ခွင်အတွက် တအား
ငြိမ်းချမ်းပြည် စိတ်မြတ်ကမ်းဆီသို့
စိတ်ဝမ်းညီ စိတ်ဓာတ်မှန်းလို့ရယ်
လှမ်းကြစို့လား။

* ညီစေတဲ့ ညီစေ
မုန်တိုင်းရေ လှိုင်းလေပုတ်
လှေမြုပ်မည့် ဒီအကြံ
ဝိုင်းလို့ပယ်လှန်
အောင်မည်မှန်မလွဲ
အရေးကြုံ သွေးဆုံကြ
အောင်ရမှာပဲ။

* ညီစေတဲ့ ညီစေ
တို့ရဲ့လှေ ပြည်ထောင်စုမှာလ
ရည်ဆောင်ပြု စိတ်မြတ်ကမ်းသာ
သိပ်ကပ်လှမ်းလာ
ရောက်ဖို့ရာ မဝေး
အရေးထဲ သွေးမကွဲကြပါနဲ့
အရေးကြီးပြီ သွေးစည်းကြပါစို့
ပန်းတိုင်ဆီ အရောက်မြန်းရအောင်
လှမ်းပြိုင်ညီ မကြောက်တမ်းသာပ
(ပြည်ထောင်သားတို့ရယ်)
လှမ်းကြစို့လေ။ ။

(၁၅-၁၀-၂၀၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကြီးကို ဂုဏ်ပြုလျက်-)

တက္ကသိုလ်တင်ခ

စာပေမြင့်မှ လူမျိုးတင့်မည်

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

(NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသမီးထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှဲဝမ်းမြောက်စွာ ထောက်ခံကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း
## သဘောထားထုတ်ပြန်ချက်(၁/၂၀၁၅)
## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာပြည်ကြီး ငြိမ်းချမ်းရေးအတွက် စစ်ပွဲများရပ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် မြန်မာနိုင်ငံသတင်းစာဆရာ အသင်းကြီးက ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။

NCA စာချုပ်ပါ ဆက်လက်အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲများကို အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ရေးသည် ပို၍အရေးကြီးသည့်အတွက် ထိုလုပ်ငန်းများကို စစ်မှန်သော အမျိုးသားသင့်မြတ်ရေး စိတ်ဓာတ်အရင်းတည်လျက် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ယုံကြည်စွာ ပူးပေါင်းလာစေရေး အစွမ်းကုန်ဆောင်ရွက်ကြပါရန် တိုက်တွန်းပါသည်။

ကျန်ရှိနေသေးသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ဆက်လက်၍ အမြန်ဆုံး လက်မှတ်ရေးထိုးကြခြင်းဖြင့် မြန်မာပြည်ကြီး ငြိမ်းချမ်းရေးကို ထူထောင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**
**၁၅၊ အောက်တိုဘာ၊ ၂၀၁၅**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

(NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (NCA) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**

## ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်**

၁ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့သည်။

၂ ။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့လာသော နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ၏ ပုံစံ(၁၅) များကို နေရပ်လိပ်စာပါ ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင် ပါ/မပါ စိစစ်ရန်အတွက် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ပြီး ဥပဒေနှင့်အညီစိစစ်၍ မဲစာရင်းတွင်အမည်ပါဝင်ရေးနှင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

၃ ။ မဲစာရင်းတွင် အမည်ပါဝင်သူများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ခေါ်ယူဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများအား မဲလက်မှတ်များ နောက်ကျောဘက်တွင် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ရိုက်နှိပ်စေခြင်း၊ တာဝန်ခံ ထုတ်ပေးသူ၏ အမည်နှင့် လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်စေခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများရှိ သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများထံသို့ ဆန္ဒမဲလက်မှတ်များ ပေးပို့ခဲ့ပြီးဖြစ်သည်။

၄ ။ နိုင်ငံခြားရှိသံရုံးများ အသီးသီးအနေဖြင့်လည်း တစ်နိုင်ငံလုံးရှိ မြို့နယ်အနှံ့မှ လက်ခံရရှိသော မဲလက်မှတ်များအား သက်ဆိုင်ရာမဲဆန္ဒရှင်များသို့လည်းကောင်း၊ မဲပေးရမည့်လွှတ်တော်များအလိုက် လည်းကောင်း အဆင်ပြေစွာမဲပေးနိုင်ရေးသည် လွန်စွာမှကြီးမားသော လုပ်ငန်းပမာဏဖြစ်သည်။ ရွေးကောက်ပွဲအတွေ့အကြုံနည်းခြင်း၊ သံရုံးများ၌ ဝန်ထမ်းကန့်သတ်ချက်ရှိခြင်းသည် အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်အတွက် သံရုံးအသီးသီး၌ အခက်အခဲရှိမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ခံစားနားလည်မိပါကြောင်း၊ ပြည်တွင်း/ ပြည်ပရှိ မဲဆန္ဒရှင်များအနေဖြင့်လည်း နားလည်ပေးစေလိုပါကြောင်း မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်အတူ အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင်အနုပညာခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌ ဦးဖိုးချစ်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးနေဝင်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစိန်မြအောင်၊ ပြန်ကြားရေးမှူး ပတ္တမြားကေခိုင်၊ ဘဏ္ဍာရေးမှူးဦးဇော်ဝင်း၊ စာရင်းစစ် ဒေါ်အေးအေးမော်၊ စည်းရုံးရေးမှူး ဒေါ်နန်းခင်မွေး၊ အတွင်းရေးမှူး ဦးမိုးဝင်း၊ တွဲဖက်အတွင်းရေးမှူး(၁) မြန်မာပြည်ကျော်စိမ်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးဖိုးသကြန်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဒီမိုကရေစီတွင် လွတ်လပ်ခွင့်ရှိသော်လည်း ဥပဒေနှင့်အညီ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီသာ ဖြစ်ရမည်



**နေပြည်တော် အောက်တိုဘာ ၁၆**

ဒီမိုကရေစီဆိုသည်မှာ ပြည်သူကိုအကာအကွယ်ပေးခြင်း၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်းသည် အခြေခံအချက်ဖြစ်သည်ကို နားလည်လက်ခံထားပါကြောင်း၊ ဒီမိုကရေစီတွင် လွတ်လပ်ခွင့်ရှိသော်လည်း ဥပဒေနှင့်အညီ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြည်သူကို အကာအကွယ်ပေးခြင်း၊ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ခြင်းတို့မှာလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတိုင်းသာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချတ်က လာရောက်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များတွင် တာဝန်ထမ်းဆောင်မှုအပါအဝင် ရနိုင်သည့် လမ်းကြောင်းမှ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်မှုများ ပြည့်စုံမှသာ ခိုင်မာသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်မည့်အခြေအနေ၊ စာမျက်နှာသစ် (New page)စတင်မှုအတွက် ဆေးရောင်ခိုင်မာစေရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

# ကျေးလက်ပညာရည်မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်မည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျေးလက်နေလူဦးရေများပြားသည့် နိုင်ငံအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူနေမှုစနစ်မြှင့်တင်ရေးအတွက် ကျေးလက်အခြေခံစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ကျေးလက်အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဦးစွာ နည်းစနစ်ကျနအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် နည်းပညာမြင့်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း ကျေးလက်ပညာရည်မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး H.E.Mr. Le Beak-Soon နှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။ **(ဝဲပုံ)**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Hong Jong-Kee နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအခြေအနေ၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံယဉ်ကျေးမှုနီးစပ်သည့် အခြေအနေ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တန်းဖိုးမြှင့်ပို့ကုန်ဖြစ်စေရေး နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအခြေအနေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများနှင့် ရွေးကောက်ပွဲဆိုင်ရာများ၊ NCA လက်မှတ်ရေးထိုးမှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

# ရွေးကောက်ပွဲ လုံခြုံရေးအပြည့်အဝဆောင်ရွက်နိုင်ရန် အထူးရဲများခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေး အပြည့်အဝရရှိရေး ဆောင်ရွက်ရာတွင် လက်ရှိအင်အားအပြင် အထူးရဲများ ခန့်ထားပြီး မဲရုံ တစ်ရုံလျှင် အထူးရဲတစ်ဦးနှုန်းဖြင့် ခန့်ထားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ မြို့နယ်များရှိ ရပ်မိ/ရပ်ဖများ ပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့အဆင့်ဆင့်က စိစစ်ရွေးချယ်ထားသည့် အထူးရဲ စုစုပေါင်း ၄၀၃၀၄ ဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ တစ်ပြိုင်တည်း ခန့်ထားခဲ့ရာ ၎င်းတွင် ပညာအရည်အချင်းအားဖြင့် ဘွဲ့ရ လေးရာခိုင်နှုန်း၊ ၁၀ တန်းအောင် ကိုးရာခိုင်နှုန်း၊ အထက်တန်းအဆင့် ၆၀ ရာခိုင်နှုန်းနှင့် အလယ်တန်းအဆင့် ၂၇ ရာခိုင်နှုန်းတို့ ပါဝင်ပြီး တိုင်းရင်းသားပါဝင်မှုမှာ ဗမာလူမျိုးများအပြင် ကချင် ၄၀၀၊ ကယား ၆၂ ဦး၊ ကရင် ၁၂၀၇ ဦး၊ ချင်း ၁၃၀၈ ဦး၊ မွန် ၂၆၉ ဦး၊ ရခိုင် ၂၅၇၇ ဦး၊ ရှမ်း ၁၁၃၉ ဦးနှင့် အခြားတိုင်းရင်းသား ၁၅၆၅ ဦးတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထူးရဲများကို အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တစ်ပြိုင်တည်း သင်တန်းပေးမည်ဖြစ်ပြီး အထူးရဲများ၏ ဝတ်စုံကို ရဲဝတ်စုံအရောင်အတိုင်း အင်္ကျီ မီးခိုးရောင်၊ ဘောင်းဘီ နက်ပြာရောင် ဝတ်စုံတွင် လက်မောင်းတံဆိပ် အထက်၌ "Special Police" ဆိုသည့် အနက်ရောင် စာတန်းအခုံးကို အဖြူရောင် အောက်ခံဖြင့်လည်းကောင်း၊ ပခုံးဒေါက်အား ကွဲပြားစေရန် အနီရောင် ပခုံးဒေါက်တွင် ကန့်လန့်အဖြူလိုင်းပါကိုလည်းကောင်း၊ လျှာထိုးဦးထုပ် နက်ပြာရောင်နှင့် ခါးပတ်၊ ဖိနပ်မှာ အပြာရောင် ကင်းဘတ်ဖိနပ်ဖြင့်လည်းကောင်း ဝတ်ဆင်သွားမည်ဖြစ်သည်။

အထူးရဲများသည် လစာငွေကျပ် ၁၂၀၀၀၀ နှင့် စရိတ် ငွေကျပ် ၃၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ရရှိမည်ဖြစ်သည့်အပြင် အထူးရဲများ၏ တာဝန်နှင့်ဝတ္တရား (၁၂)ချက်အား သတ်မှတ်ထားပြီး ၎င်း တာဝန်နှင့်ဝတ္တရားများကို အိတ်ဆောင်ကတ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရိုက်နှိပ်၍ တစ်ဦးချင်းစီအတွက် ဖြန့်ဝေပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**




# (၁၄၄)ကြိမ်မြောက် ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် နိုင်ငံအလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များ အပြီးသတ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ စက်တင်ဘာ ၁၄ ရက်တွင် (၁၄၄)ကြိမ်မြောက် ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဘင်းမ်စတက်လုပ်ငန်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများမှာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍတို့ ဖြစ်သည်။

အစည်းအဝေးတွင် တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ရန်ကျန်ရှိသည့်ကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပြီး ဘင်းမ်စတက်ပညာရှင်များ ကွန်ရက်အဖွဲ့အနေဖြင့် ဘင်းမ်စတက် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် လိုအပ်သည့် အကြံပြုချက်များ တင်ပြ၍ အဖွဲ့အစည်းအဖြစ် ဆောင်ရွက်သွားရန်နှင့် အဆိုပါ အကြံပြုချက်များကို အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများတွင် ပြန်လည်တင်ပြသွားနိုင်ရေး ဆွေးနွေးကာ ပြည်သူအချင်းချင်း ဆက်သွယ်မှုကဏ္ဍ ပိုမိုကျယ်ပြန့်စေရန် လူငယ်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်မှုအစီအစဉ်များ ပြုလုပ်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

နောင်ကျင်းပမည့် ဘင်းမ်စတက် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်နှင့် အခြားလှုပ်ရှားမှုများဆောင်ရွက်ရန် သီးခြားရန်ပုံငွေထားရှိရေး စသည့်အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန(MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းချုပ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြော်ငြာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ အဖွဲ့အစည်းများ အားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း**

# ပထမအဆင့် အောင်မြင်သွားပြီ၊ နောက်အဆင့်တွေအတွက် လမ်းပွင့်သွားပြီ

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် အစိုးရအဆက်ဆက်က ကြိုးပမ်းခဲ့ကြသည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ထိုဖိတ်ခေါ်မှုသည် ယနေ့မြန်မာနိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသည့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစပျိုးလုပ်ငန်းစဉ်ပင်ဖြစ်သည်။

စိတ်ရှည်သည်းခံမှု၊ တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်နားလည်မှုတန်ဖိုးများဖြင့် ဆွေးနွေးရရှိခဲ့ကြသော ဤစာချုပ်သည် အပစ်အခတ်ရပ်စဲရေး သက်သက်သာမက တိုင်းရင်းသား လူမျိုးစုများအကြားတွင် ကာလရှည်ကြာ ပျောက်ဆုံးနေခဲ့သည့် အပြန်အလှန်ယုံကြည်မှုကို ပြန်လည်တည်ဆောက်နိုင်ခြင်း ဆုလာဘ်ကိုလည်း တစ်ပါတည်းဆောင်ကြဉ်းနိုင်ခဲ့ရာ အလွန်တန်ဖိုးရှိလှသည်။

အဆိုပါ "ဆုလာဘ်" များ ဆောင်ကြဉ်းပေးနိုင်မှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

ဦးညိုအုန်းမြင့် (MPC)

မေး၊ ရေး-သတင်းအဖွဲ့

ဦးကျော်မင်းဆွေ
မြန်မာနိုင်ငံ
စာနယ်ဇင်း
ကောင်စီ
(ယာယီ)






ဦးစောသိန်းအောင်
လှိုင်းဘွဲ့ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်




ဦးဇော်အေးမောင်
ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



ဦးညိုအုန်းမြင့်
Myanmar Peace Center

**ဦးကျော်မင်းဆွေ**
**မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)**

All inclusive ဖြစ်ချင်တယ်လို့ အားလုံးကပြောနေကြတယ်၊ ပြောရလွယ်ပေမယ့် လက်တွေ့မှာ အားလုံးပါဝင်ဖို့ဆိုတာ မလွယ်ကူဘူးလို့ ကျွန်တော်မြင်ပါတယ်၊ ဒီနေ့လို အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီကြတဲ့အချိန်မှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ အများကြီးရှိမှာပဲ၊ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အစိုးရကို မေတ္တာရပ်ခံချင်တာက အခု NCA မှာ လက်မှတ်မထိုးတဲ့ အဖွဲ့တွေကိုလည်း ခွဲခြားဆက်ဆံတာမျိုး မဟုတ်ဘဲ သဘောထားကြီးပေးဖို့ပါ၊ လက်မှတ်မထိုးဘူး၊ ထိုးစစ်ပဲ ဆင်နွှဲမယ်ဆိုတဲ့ နောက်ပြန်ဆွဲတဲ့ အယူအဆကို နှစ်ဖက်စလုံးက စွန့်လွှတ်လိုက်ရင် မကြာခင် ကျန်တဲ့အဖွဲ့တွေလည်း အများကြီးပူးပေါင်းလာမှာဖြစ်ပါတယ်။

မီဒီယာတွေ အနေနဲ့လည်း အဖွဲ့အစည်းအသီးသီးက Lobby လုပ်တာတွေ၊ PR လုပ်တာတွေကို ကြုံကြရမှာဖြစ်ပါတယ်၊ အခြားနိုင်ငံတွေနဲ့ မတူညီတာက ကျွန်တော်တို့ဆီမှာ လက်နက်ကိုင်အဖွဲ့ပေါင်း ၁၉ ဖွဲ့အထိရှိတယ်။ အခြားနိုင်ငံတွေထက် ပိုပြီးများပြားသလို ဒီလောက်အထိ လုပ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူသင့်ပါတယ်၊ ဒါ့အပြင် အိမ်နီးချင်းတွေနဲ့ ပြည်ပနိုင်ငံတွေရဲ့ စွက်ဖက်မှုတွေကိုလည်း ပါးနပ်စွာနဲ့ Diplomacy သဘောတွေ၊ PR သဘောတွေနဲ့ တုံ့ပြန်ကြမှာဖြစ်ပါတယ်၊ အပြန်အလှန်အပြစ်တင်တာတွေကိုလျှော့ချပြီး ဘက်မလိုက်တဲ့ တင်ဆက်မှုတွေလိုအပ်ပါသေးတယ်။

**ဦးစောသိန်းအောင်**
**လှိုင်းဘွဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ နေ့ထူးနေ့မြတ်တစ်ခုဖြစ်ပြီး စိတ်လှုပ်ရှားဖို့လည်း အင်မတန်ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် စတင်ပြီး ပြည်သူ့တာဝန်တွေကို ကူညီထမ်းဆောင်ပေးတဲ့အချိန်မှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးနဲ့ အပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်ပေးဖို့ အဆိုကိုတင်သွင်းခဲ့ပါတယ်၊ လက်နက်ကိုင်ပဋိပက္ခတွေဟာ အနာဂတ်အတွက် ကလေးသူငယ်တွေနဲ့ လူမမယ်သားငယ်တွေ၊ မိခင်တွေနဲ့ သက်ကြီးရွယ်အိုတွေကို အတိဒုက္ခတွေ အများကြီးပေးနိုင်တယ်၊ အခုလို လုပ်ဆောင်နိုင်ခဲ့တာဟာ အကောင်းဆုံးသက်သေပြချက်တွေ ဖြစ်ပါတယ်၊ အခြားအဖွဲ့အစည်းတွေ အားလုံးလည်း အမြန်ဆုံးပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်အေးမောင်**
**ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ကျွန်တော်တို့တွေ နှစ်ပေါင်း ၆၀ ကျော် လူမျိုးအချင်းချင်း အပြန်အလှန်တိုက်ခိုက်လာခဲ့ကြတာ၊ အခုလို အခြေအနေကိုရရှိဖို့ဆိုတာ အိပ်မက်ပမာအလှမ်းကွာဝေးခဲ့ရပါတယ်၊ ဒီနေ့ဒီအချိန် ၂၁ ရာစုရဲ့ Political Dialogs ဟာ Win Win solution ကို ဦးတည်နေတာပါ၊ ကိုယ်တစ်ရာရပြီး သူတစ်ပါး သုညဆိုတာမျိုးတွေ မရှိတော့ပါဘူး၊ သို့သော် ခံယူချက်၊ ယုံကြည်ချက်တွေနဲ့ နယ်မြေဒေသကွာခြားမှုတွေဟာ တစ်ပြေးညီ အားလုံးပူးပေါင်းပါဝင်ဖို့ဆိုတာမှာတော့ အခက်အခဲတွေ အများကြီး ရှိနေမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရဘက်ကလည်း လက်နက်ကိုင်တွေရဲ့ တောင်းဆိုချက်တွေကို ရာချီ၊ ထောင်ချီနေတဲ့ အစည်းအဝေးတွေကနေတစ်ဆင့် ဖြည့်ဆည်းပေးခဲ့သလို တစ်ဖက်ကလည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မျှော်လင့်ပါတယ်၊ ဒါမှလည်း ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေအားလုံး ဖက်ဒရယ်မူအတွက် အကောင်းဆုံး စုစည်းနိုင်မယ်၊ ယနေ့ဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေအတွက်တော့ ရောင်နီဦး နေ့ရက်တစ်ခု ဖြစ်လာခဲ့ပါပြီ။

**ဦးညိုအုန်းမြင့်**
**Myanmar Peace Center**

ဒီအစိုးရသက်တမ်းမှာ သမ္မတကြီးရဲ့အဓိကရည်ရွယ်ချက်ကတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ နှစ်ခြောက်ဆယ်ကျော် လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်လာခဲ့ပါတယ်။ အထူးသဖြင့် တိုင်းပြည်ရဲ့ အဓိကသယံဇာတတွေ ထွက်ရှိတဲ့နေရာတွေမှာ မငြိမ်းချမ်းမှုတွေ ပိုများနေခဲ့ရတာ တိုင်းပြည်တိုးတက်မှုအတွက် အများကြီးထိခိုက်ခံစားခဲ့ရပြီး နောက်တန်းကျခဲ့ရတယ်။ သမ္မတကြီးရဲ့ အစိုးရသက်တမ်းမှာ တိုင်းပြည်က တိုင်းရင်းသားတွေအတွက် စစ်ဘေးရပ်တန့်ရေး၊ တန်းတူညီမျှရေးတို့ကို အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပထမဆုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်သောင်းတို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့ရဲ့ ကြိုးစားပြီး ညှိနှိုင်းပေးခဲ့ရတဲ့ အစည်းအဝေးပေါင်း ၁၀၀၀ကျော်ရဲ့ အကျိုးရလဒ်လို့လည်း ထင်မြင်ပါတယ်။ ၂၀၁၃မှာ မူကြမ်းတစ်ခုချမှတ်နိုင်ခဲ့ပြီးနောက်မှာ နိုင်ငံတော်အဆင့် အစည်းအဝေးပေါင်း ၁၁ ခုကို အဆင့်ဆင့်ပြုလုပ်ခဲ့ကြပြီး နောက်ဆုံးမှာ ဒီနေ့အနေအထားကို ရောက်ခဲ့ရတာဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့အတွက် စိန်ခေါ်မှုတွေကတော့ အများကြီးရှိခဲ့ပါတယ်။ အစိုးရ၊ တပ်မတော်နဲ့ လက်နက်ကိုင်တွေအကြားမှာ ယုံကြည်မှုတွေ အားနည်းခဲ့တာ၊ တစ်ဖက်နဲ့တစ်ဖက် အောက်ခြေအဆင့်ထိ သိရှိနားလည်ဆောင်ရွက်မှု အားနည်းတာတွေ၊ အောက်ခြေမှာ နေရာဒေသအခက်အခဲကြောင့် တပ်တွေကို မခွဲခြားနိုင်ခဲ့ဘူး။ နယ်မြေခွဲခြားမှုမရှိခဲ့ဘူး၊ ဒါကြောင့် အပေါ်မှာ ဆွေးနွေး၊ အောက်ခြေမှာ တိုက်ပွဲဖြစ်တာတွေ ဆက်တိုက်ဖြစ်နေခဲ့ရတယ်။

ဒုတိယစိန်ခေါ်မှုက နိုင်ငံရေးအမြင်ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု တစ်ဆင့်တက်သွားတိုင်း မယုံကြည်မှုတွေ၊ ပြောဆိုဝေဖန်မှုတွေဟာ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွေအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတွေ ဖြစ်ခဲ့ပါတယ်။ တတိယ စိန်ခေါ်မှုကတော့ နှစ်ဖက်ညီမျှတဲ့ ဖက်ဒရယ်မူကို သွားနိုင်ဖို့ဆိုတာ အခက်အခဲတွေ အများကြီးရှိပါတယ်။

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ဟာ ပြည်တွင်းဖြစ်လည်း ဖြစ်ပါတယ်။ အခြားနိုင်ငံတကာရဲ့ အကူအညီတွေ၊ အကြံဉာဏ်တွေနဲ့ ပြောဆိုဝေဖန်မှုတွေဟာ လက်တွေ့မှာ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အစိုးရအကြား ညှိနှိုင်းမှုတွေကို အားလျော့စေတတ်တာကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒီအပေါ်မှာ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေ ရပိုင်ခွင့်တွေနဲ့ နိုင်ငံတော်ရဲ့ လိုက်လျောမှုတွေကို ချိန်ညှိပြီး လုပ်ဆောင်ရတာတွေကတော့ အများကြီးပါပဲ။ နိုင်ငံတကာကလည်း ဒါက အရှေ့တီမောမှာဖြစ်တာ၊ ဒါကအာရှမှာဖြစ်တာ၊ ဒါက အာဖရိကမှာဖြစ်တာ ဒီတုန်းက ဒီလိုလုပ်ခဲ့တယ် စသည်ဖြင့် အတင်းထိုးသွင်းပြီး ပုံစံတစ်ခုတည်းကို ထည့်တာမျိုးလည်း ကြုံခဲ့ရတယ်။ ဒါကြောင့် နိုင်ငံတကာနဲ့ ပညာရှင်တွေအမြင်ဟာလည်း ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေဖြစ်ခဲ့ရတယ်။

ဒီနေ့ဖြစ်စဉ်ဟာပြောရရင် အဖွဲ့ကအဓိက မဟုတ်ပါဘူး။ အဖွဲ့မှာ လက်အတို အရှည်ရှိမယ်။ အားလုံးပါဝင်ရေးမှုဆိုတာလည်း တီးဝိုင်းတစ်ဝိုင်းနဲ့တူပါတယ်။ ဂစ်တာသမားပါသလို စန္ဒရားတီးတဲ့သူပါတယ်။ ဘေစ့်တီးတဲ့သူ စသည်ဖြင့် သူ့နေရာနဲ့သူ လိုအပ်တာပါ။ အားလုံးပူးပေါင်းပါဝင်ဖို့ဆိုတာ အားလုံးညီမှလည်း ရမှာပါ။ အဖွဲ့တိုင်း နောက်မကျန်ခဲ့စေရဘူးဆိုတဲ့မူကို ဆောင်ရွက်မှာပါ။ ဒီနေ့ပထမအဆင့် အောင်မြင်သွားပြီ။ နောက်အဆင့်တွေအတွက် လမ်းပွင့်သွားပြီလို့ ထင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

* *ကျော်ဖုံးမှ*

ဧရာဝတီမြစ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အခွင့်အလမ်းများအတွက် အထောက်အကူပြုသလို ရေကြီးမှုနဲ့ အခြားဆက်နွှယ်တဲ့ ဘေးအန္တရာယ်များကိုလည်း ဖြစ်ပေါ်စေနိုင်ပါတယ်။။ ကျွန်တော်တို့အနေနဲ့ အများဆုံးရရှိနိုင်မယ့် ကောင်းကျိုးတွေကို ရယူနိုင်ဖို့နဲ့ ဆိုးကျိုးတွေကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံကိန်းကို ရေအရင်းအမြစ်နှင့် ဘက်စုံစီမံခန့်ခွဲမှု၊ ရေနှင့်ဆက်နွှယ်တဲ့ ဌာနအဖွဲ့အစည်းတွေ ပိုမိုတိုးတက်ကောင်းမွန်စေရန် မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်" ဟု အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူးနှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ဆွေးနွေးပွဲ၌ ပြောကြားသည်။

ဧရာဝတီမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ငန်းခွဲသုံးခုရှိသည်။ လုပ်ငန်းခွဲ(၁)မှာ ရေအရင်းအမြစ်နှင့်သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်အထောက်အကူပြုစနစ်၊ စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများပါဝင်သည်။ လုပ်ငန်းခွဲ(၂)မှာ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာလေ့လာမှုနှင့် သတင်းအချက်အလက် စနစ်များ တိုးတက်ခေတ်မီရန် ဆောင်ရွက်ခြင်းဖြစ်သည်။ လုပ်ငန်းခွဲ(၃)မှာ ဧရာဝတီမြစ်တွင် ရေကြောင်းသွားလာမှု ကောင်းမွန်စေရန် လေ့လာဆောင်ရွက်မှု၊ ရေအရည်အသွေး ထိန်းချုပ်စစ်ဆေးမှု၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေး တိုးတက်ကောင်းမွန်စေရန်ဖြစ်သည်။

လောလောဆယ်တွင် ဧရာဝတီမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဆွေနိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့မှ ပညာရှင်များက လေ့လာဆန်းစစ်မှုများနှင့် ဆက်နွှယ်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ လေ့လာဆန်းစစ် တွေ့ရှိချက်များကို ဧရာဝတီမြစ်ဝှမ်းဒေသ စီမံကိန်းရေးဆွဲခြင်းနှင့် မြစ်ဝှမ်းဒေသဆိုင်ရာ အခြေအနေအစီရင်ခံစာပြုစုရန် ယခုအလုပ်ရုံဆွေးနွေးပွဲ၌ မျှဝေဆွေးနွေးကြခြင်းဖြစ်သည်။

ဧရာဝတီမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများအား မြစ်ဝှမ်းဒေသစီမံကိန်းရေးဆွဲခြင်းလုပ်ငန်း၊ မြစ်ဝှမ်းဒေသအခြေအနေဆိုင်ရာ ပြုစုခြင်းလုပ်ငန်းနှင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးမှုအတွက် နယ်သာလန်နိုင်ငံမှ ထောက်ပံ့ကူညီလျက်ရှိပြီး လတ်တလော အကျိုးရှိစေမည့် စီမံကိန်းအချို့နှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။

"ဧရာဝတီမြစ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး အသုံးချနိုင်ရန် မြစ်ဝှမ်းဒေသစီမံကိန်းရေးဆွဲခြင်းနဲ့ မြစ်ဝှမ်းဒေသဆိုင်ရာ အစီရင်ခံစာပြုစုခြင်းတို့ဟာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍများဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေအနေနဲ့ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေမြောင်းသွားလာမှု တိုးတက်ကောင်းမွန်စေရေး၊ စိုက်ပျိုးရေနဲ့ သောက်သုံးရေပေးဝေရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ရေရှည်အကျိုးရှိစေရန် ပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ ဌာနေကိုယ်စားလှယ် Dr.Abdoulayeseck က ပြောသည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း လုပ်ငန်းခွဲ(၁)နှင့် ပတ်သက်ပြီး မြန်မာ၊ နယ်သာလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ပညာရှင်များက မြန်မာနိုင်ငံ ရေအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးခဲ့ကြသည်။

(မြန်မာ့အလင်း)

## နိုင်ငံတကာ သတင်းမီဒီယာများ ရွေးကောက်ပွဲသတင်းလာရောက်ရယူရာတွင် ပြည်ဝင်ဗီဇာရရှိရေးအတွက် ထောက်ခံဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် နိုင်ငံတကာ သတင်းမီဒီယာများ သတင်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတကာမှ သတင်းမီဒီယာများကို ရွေးကောက်ပွဲရက်အပါအဝင် တစ်လ သာမန်ပြည်ဝင်ဗီဇာရရှိရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ထောက်ခံညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့အထိ နိုင်ငံတကာ သတင်းမီဒီယာသမား ၂၄၇ ဦးအား ပြည်ဝင်ဗီဇာရရှိရန်အတွက် ထောက်ခံဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲမကျင်းပမီကာလများအတွင်း သတင်းရယူရန်အတွက် လျှောက်ထားလာသော သတင်းမီဒီယာများအား ပြည်ဝင်ဗီဇာရရှိရန် ဆက်လက်ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သတင်းနှင့်မှတ်တမ်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထား

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် သတင်းနှင့်မှတ်တမ်း ရယူနိုင် ရန် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ထမ်းဆောင်မည့် အင်အားစုစုပေါင်း ၁၃၄၇ ဦး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လက်အောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်း ၉၂ ဦး၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်း ၈၈၈ ဦး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းရယူ မည့် သတင်းထောက် ၃၆၇ ဦးတို့ဖြင့် ရွေးကောက်ပွဲသတင်းနှင့် မှတ်တမ်းများ ရယူနိုင်ရန် ဆောင်ရွက်ထားသည်။

ထိုသို့ သတင်းနှင့်မှတ်တမ်းများရယူရာတွင် သက်ဆိုင် ရာဦးစီးဌာနနှင့် လုပ်ငန်းများအလိုက် ထုတ်ပေးထားသည့် အသိအမှတ်ပြုကတ်ပြား၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပေးထားသည့် သတင်းရယူရန် အသိအမှတ်ပြုကတ်ပြားများ ပါရှိရမည့်အပြင် သတင်းမီဒီယာ ကျင့်ဝတ်များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံ လက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၆-၁၀-၂၀၁၅)ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက် တစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်လေးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာအသစ်တစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၅ ဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၂၃ ဦးတို့အားလည်းကောင်း၊ သတင်းအေဂျင်စီအသစ်နှစ်ဦးအားလည်းကောင်း၊ ထုတ်ဝေသူ အမည်ပြောင်းသုံးဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၅ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၆၀၀၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၁၉ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၈၈၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးဆက်လက်ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**





### အမည်မှန်
အထက စိုက်/မွေး ဒဂုံတောင်၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ဦးလှထွန်း ၁၂/လကန(နိုင်)၁၂၂၉၅၆၏သား မောင်လွင်မိုး၏ အမည်မှန်မှာ မောင်လွင်မိုးအောင် ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
သာကေတမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မဂျူးဂျူးစံ၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်ဦး ၁၂/သကတ(နိုင်)၁၄၅၇၅၇ ဖြစ်ပါကြောင်း။
**ဦးဝင်းကျော်ဦး**

### ဖခင်အမည်မှန်
ပန်းတနော်မြို့နယ်၊ ဘုရားကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နမ့်အေးအေးပို၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ၁၄/ပတန(နိုင်)၁၈၁၀၄၀ ဖြစ်ပါသည်။
**ဦးသိန်းစိုး**

### ဖခင်အမည်မှန်
အဖျောက် အ. ထ. က ဒသမတန်းတွင် ပညာသင်ကြားနေသော မစုဝေထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်သက် (၁၂/သကတ(နိုင်)၀၆၈၅၇၄) ဖြစ်ပါကြောင်း
ဦးဇော်သက်(၁၂/သကတ(နိုင်)၀၆၈၅၇၄)

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1I/5678 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် ၄ဃ/၆၉၃၉ BMW X5, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဦး ၁၂/ကတတ(နိုင်)၀၀၈၀၉၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၁၄၉၊ မြေကွက်တည်နေရာအမှတ် ၁၄၉၊ ဇေယျာ ၆ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးအောင်ဇံသူ) ၁၂/ပဘတ(နိုင်)၀၀၉၆၃၁၊ ဦးထွန်းလင်းအောင် ၁၂/ပဘတ(နိုင်)၀၀၉၆၂၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးအောင်ဇံသူ(လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဦးထွန်းလင်းအောင် ၁၂/ပဘတ(နိုင်)၀၀၉၆၂၄ က တစ်ဦးတည်းသော ညီတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်
မြောင်းမြမြို့နယ်၊ ငါးမြင်းချောင်း၊ အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မအေးနှင်းဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးအေးမင်းထွန်း ၁၄/မမန(နိုင်)၁၉၇၀၈၅ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့နယ်၊ ဇောင်းတူးကျေးရွာအုပ်စု၊ ဇီးတောကျေးရွာနေ ဦးသက်ချို၏သမီး မသဇင်ချို၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၄-၁၉၉၀ ဖြစ်ပါသည်။
**မသဇင်ချို**

### ပြင်ဆင်ဖတ်ရှုပါရန်
၁၀-၁၀-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၈)ပါ ဒေါ်နန်းမော်မော်ဝင်း၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၌ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉)ရပ်ကွက်အစား (၉၁)ရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | အသုံးတူ | ၁၂ မျိုး |
| ၂။ | ကျောင်းသုံး | ၈ မျိုး |
| ၃။ | အဓိက | ၁၂ မျိုး |
| ၄။ | အားကစားနည်း(၂)မျိုးအတွက် အထောက်အကူပြုပစ္စည်းများ | |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၃-၁၀-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များကို အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ ၆၈×၇၃ ကြား၊ သဇင်လမ်းနှင့် ၄ဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ် ဖုန်း-၀၂-၈၀၉၃၆၊ ၀၂-၈၀၉၀၀တို့သို့ ၁၉-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)**

## ဦးကျော်ဇေယျ
## အမှုသည်များ:လက်စွဲ
(ဒုတိယအကြိမ်)
ဝယ်ယူဖတ်ရှုနိုင်ပါပြီ။ ဖုန်း ၀၉၇၃၀၄၅၇၁၃၅

## သတင်းတို

### ပုလဲသွယ်စပါးစံပြကွက် တစ်ဧကတင်း ၁၅၀ ကျော်ထွက်ရှိ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ပုလဲသွယ်မိုးစပါး စံကွက် တစ်ဧကကို အောက်တိုဘာ ၁၂ ရက်က ရိတ်သိမ်းခဲ့ရာ ၁၅၁ ဒသမ ၁၃ တင်းထွက်ရှိကြောင်းသိရသည်။ လယ်ယာမြေများမှာ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာသည့်အတွက် တိုးပွားလာသောလူဦးရေအချိုးအစားနှင့် စားနပ်ရိက္ခာဖူလုံစေရန်အတွက် တောင်သူများအနေဖြင့် ယခုလိုထွက်နှုန်းကောင်းမွန်သည့် ပုလဲသွယ်စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းက ပြောသည်။ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ တောင်သူ ၁၀၀ ကျော် လာရောက်လေ့လာခဲ့သည်။ **ကိုလွင်(ဆွာ)**

## သီးနှံသစ်တောရောနှောစိုက်ခင်းများအတွက် သရက်ပျိုးပင်များ ထောက်ပံ့ပေးအပ်

**မင်းဘူး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်း သီးနှံသစ်တော ရောနှောစိုက်ခင်းများ ထူထောင်ရန်အတွက် စိန်တစ်လုံးသရက်ပျိုးပင်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၁၃ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ပျိုးပင်များထောက်ပံ့ပေးအပ်ပွဲတွင် မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းနိုင်ဝင်းတို့က ရာသီဥတုပြောင်းလဲလာမှုကြောင့် တောင်သူများ၏ ဝင်ငွေအခွင့်အလမ်းမဆုံးရှုံးစေရေးအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ထူထောင်နိုင်ရန်နှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိရေးအတွက် သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်ဆောင်ရွက်နိုင်ရန် စိန်တစ်လုံးသရက်ပျိုးပင်များကို ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ရရှိသော သရက်ပျိုးပင်များကို စနစ်တကျစိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် စိန်တစ်လုံးသရက် ကိုင်းကူးပျိုးပင် ၁၀၀၀ နှင့် ကျွဲ၊ နွားစာ နေပီယာမြက်မျိုးကိုင်း ၁၄၅၀ ကို မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂ ရွာမှ တောင်သူ ၄၃ ဦးထံ အခမဲ့ဖြန့်ဖြူးပေးခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

## လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော

**ယင်းမာပင် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ရှိ အမျိုးသမီးသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်ဥပဒေအရာရှိ ရုံးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ယင်းမာပင်မြို့နယ်သို့ ကွင်းဆင်းလေ့လာရေး ရောက်ရှိနေသော ရန်ကုန်ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသူ ကျောင်းသား ၁၅ ဦးတို့ ပူးပေါင်း၍ ဟောပြောပွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကုဋေစည်သူက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမိစံက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ အကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက မော်တော်ယာဉ်ဥပဒေနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပါ သိကောင်းစရာများအကြောင်း၊ ရန်ကုန်ဆေးတက္ကသိုလ်(၂) ကွင်းဆင်းလေ့လာရေးအဖွဲ့မှ ကျောင်းသူတစ်ဦးက အမျိုးသမီးများကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်းချက် အသိပညာပေး လက်ကမ်းစာစောင်များနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



## မိတ္ထီလာမြို့ ရွှေမြင်တင်စေတီတော်ကြီး (၃၃)ကြိမ်မြောက် ဆီမီး ၉၀၀၀ ပူဇော်ပွဲကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရတနာမာရ်အောင်ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်ကြီး၏ (၃၃)ကြိမ်မြောက် ဆီမီး ၉၀၀၀ပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆီမီး ၉၀၀၀ ပူဇော်ပွဲကို ရွှေမြင်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်မှာ ၁၉၉၃ ခုနှစ်က စတင်ပြီး နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တိုင်း ကျင်းပခဲ့တာပါ။ ဒီနှစ်သီတင်းကျွတ်လပြည့်နေ့ ပူဇော်ပွဲက(၃၃)ကြိမ်မြောက် ဖြစ်ပါတယ်။ ဆီမီးခွက်ထဲမှာ စားဖိုချောင်သုံးဆီကိုထည့်ပြီးတော့ ဝါဂွမ်းဖတ်ကို အဲဒီဆီထဲမှာစိမ်ပြီးတော့ မီးထွန်းညှိပူဇော်တာပါ။ ဂွမ်းဖတ်ကို ဆီမီးခွက်ထဲကဆီထဲကို မထည့်မီမှာ ဓာတ်ဆီ ဒါမှမဟုတ် ဒီဇယ်ဆီနဲ့ စိမ်ပေးရပါတယ်။ ဒါမှ အလွယ်တကူမီးထွန်းညှိလို့ရတာပါ"ဟု ရွှေမြင်စေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရွှေမြင်တင်စေတီတော်ကြီးသည် ပုဂံခေတ်က နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးဖြစ်ကြောင်း သိရသည်။



**ချမ်းသာ(မိတ္ထီလာ)**

## မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာများမှ ကျွဲ၊ နွားများအား ရွှေ့ပြောင်းပေး တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**မြင်းမူ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မူးမြစ်ရေမြင့်တက်ခဲ့ရာ မြင်းမူမြို့နယ်အတွင်းရှိ မူးမြစ်ရေဝင်ကျေးရွာများမှ ကျွဲ၊ နွားများအား ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးထားပြီး တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မူးမြစ်ရေဝင်ရောက်သည့် ပုံညာကျေးရွာမှ ကျွဲ၊ နွားများအား မကျီးကန်ကျေးရွာသို့လည်းကောင်း၊ သပြေသာနှင့် မစုရကျေးရွာများမှ ကျွဲ၊ နွားများအား နဘဲကြူးကျေးရွာသို့လည်းကောင်း၊ သပြေသာကျေးရွာမှ ကျွဲ၊ နွားများအား ပျော့ရွာကျေးရွာသို့လည်းကောင်း ပြောင်းရွှေ့ပေးခဲ့ပြီး စစ်ကိုင်းမြို့နယ် လက်ပံသာ၊ ညောင်ပင်ဝန်း၊ ထိန်ကုန်းနှင့် လက်ပန်ကျေးရွာများမှ ကျွဲ၊ နွားများကို မြင်းမူမြို့နယ် ပျော့ရွာကျေးရွာအနီး မုံရွာ-မန္တလေး ကားလမ်းမကြီးဘေးတစ်လျှောက်တွင် ပြောင်းရွှေ့ပေးထားကြောင်း သိရသည်။



ကျွဲ၊ နွားများကို ရေလွတ်ရာသို့ပြောင်းရွှေ့ရာတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ငွေးနှင့် ဝန်ထမ်းများကလည်း ကျွဲ၊ နွားများအတွက် လျှာပွတ်ဆေးများ အခမဲ့ဖြန့်ဝေပေးကာ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်ရေဝင်ရောက်သည့် ကျေးရွာများမှ ဒေသခံပြည်သူများအား ကူညီစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း မြင်းမူမြို့နယ် ပျော့ရွာကျေးရွာ၌ ရေဘေးကယ်ဆယ်ရေး ရှေ့တန်းစခန်းကို ဖွင့်လှစ်ထားရှိပြီး ဌာနဆိုင်ရာများက ကြီးကြပ်၍ အကူအညီများပေးလျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြင်းမူမြို့နယ်အတွင်း မူးမြစ်ကမ်းတစ်လျှောက် ကျေးရွာများဖြစ်သည့် မူးမန္တလေး၊ ညောင်မြစ်၊ မေဂျာ၊ ပုံညာ၊ သပြေသာ၊ မစုရ၊ ပျော့ရွာနှင့် မကျီးကန်ကျေးရွာများတွင် မူးမြစ်ရေများ ဝင်ရောက်ခဲ့ရာ ပုံညာကျေးရွာ၌ ရေအနက် ၄ ပေခန့်၊ မေဂျာနှင့် သပြေသာကျေးရွာများ၌ ရေအနက် ၃ ပေ ခန့်၊ ညောင်မြစ်နှင့် မစုရကျေးရွာတို့၌ ရေအနက် ၂ ပေခန့်၊ မကျီးကန်နှင့် မူးမန္တလေးကျေးရွာများ၌ ရေအနက် ၁ ပေ ခန့်စီ မြစ်ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **အောင်စိုးဖေ (ပြန် /ဆက်)**

## မိုးသည်းထန်သဖြင့် ရိတ်သိမ်းချိန်တန်နေသောစပါးခင်းများ ပျက်စီးနိုင်

**ညောင်တုန်း အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် အောင်မြင်ဖြစ်ထွန်းနေပြီး ဝင်းမှည့်ကာ ရိတ်သိမ်းရန် အချိန်တန်နေပြီဖြစ်သော စပါးခင်းများ ကုတ်ကျိုးလဲပြိုမှုကြောင့် ပျက်စီးလေလွင့်မှုများရှိနိုင်ကြောင်း သိရသည်။

"ကျွန်တော့်စပါးခင်းက ဒီနှစ်အချိန်မီ ရာသီမီစိုက်ပျိုးနိုင်ခဲ့မှုကြောင့် စပါးသီးနှုန်းအတော်ကောင်းပါတယ်။ စပါးခင်းအောင်အောင်မြင်မြင်ဖြစ်ထွန်းပြီး ဝင်းမှည့်နေလို့ ရိတ်သိမ်းဖို့စီစဉ်နေတုံး မိုးကသဲသဲမဲမဲဆက်ရွာနေတော့ စပါးမရိတ်နိုင်သေးဘဲ စောင့်ဆိုင်းနေရတယ်။ မိုးဆက်ရွာတော့ ဝင်းမှည့်နေတဲ့ စပါးခင်းက ဂုတ်ကျိုးလဲပြိုကုန်တယ်။ အချို့စပါးနှံတွေက လယ်ကွင်းထဲက မိုးရေထဲမှာ နစ်မြုပ်နေတယ်။ မိုးမြန်မြန်ပြတ်သွားရင်တော့ ကောင်းမှာပဲ။ ဒါမှလည်း စပါးအမြန်ရိတ်သိမ်းနိုင်မှာပါ"ဟု ညောင်တုန်းမြို့နယ် ဉာဏ်အိုင်ကျေးရွာမှ လယ်သမားတစ်ဦးက ပြောသည်။

ညောင်တုန်းမြို့နယ်တွင် ယခုနှစ်မိုးရာသီတွင် မိုးစပါး ဧက ၆၀၀၀၀ ကျော်စိုက်ပျိုးခဲ့ရာ မြစ်ရေကွင်းနစ်မြုပ်ခဲ့မှုကြောင့် စိုက်ပျိုးပြီး ဧက ၁၀၀၀၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။ ရေနစ်မြုပ်ပျက်စီးခဲ့သော စပါးခင်းများတွင်လည်း ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြသော်လည်း နှစ်ကြိမ်တိုင် ပြန်လည်စိုက်ပျိုးခဲ့မှုကြောင့် တောင်သူလယ်သမားများမှာ ဆုံးရှုံးနစ်နာမှုများကြောင်း သိရသည်။ မိုးပြတ်သွားလျှင် ညောင်တုန်းမြို့နယ်မှ တောင်သူလယ်သမားများသည် ဝင်းမှည့်နေသော စပါးခင်းများကို ရိတ်သိမ်းပြီးရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် စပါးဈေးကောင်းနိုင်ကြောင်း ခန့်မှန်းထားကြောင်းလည်း သိရသည်။ **နေလင်း(ညောင်တုန်း)**



# အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ထိုးပွဲအား ထောက်ခံပွဲကျင်းပ

**ဘုရားသုံးဆူ အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအား ထောက်ခံပွဲ အခမ်းအနားကို ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့ ပြည်ထောင်စုခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးမင်းနောင်အေးက ဝမ်းမြောက်ကြောင်းပြောကြားပြီး လူထုကိုယ်စားလှယ် ဦးမန်းကရေစီက နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူလက်မှတ်ရေးထိုးသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထောက်ခံပွဲသို့ တက်ရောက်သော ဘုရားသုံးဆူမြို့ပေါ် ရပ်ကွက်လေးခုနှင့် ကျေးရွာများမှ ပြည်သူများ၊ တပ်မတော်သားများ၊ နိုင်ငံရေးပါတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးမှုကို ထောက်ခံကြောင်း၊ ခိုင်မြဲသောငြိမ်းချမ်းရေးကို လိုလားကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှုတည်ဆောက်ပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်လာရန် လိုလားကြောင်း ကြွေးကြော်သံများကြွေးကြော်၍ ကြိုဆိုထောက်ခံခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဆောင်ရွက်

**ဒီပဲယင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် စစ်ဆေးပညာပေးမှုများကို အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဌေး၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များက ရေဦး-မုံရွာကားလမ်း ဆရာစံရုပ်တုရှေ့၌ ခရီးသည်တင်ကားများ၊ ကိုယ်ပိုင်ကားများ၊ ထော်လာဂျီနှင့် ဆိုင်ကယ်များကို စစ်ဆေးကာ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးတပ်ဆင်ရန်နှင့် ယာဉ်များမောင်းနှင်ရာတွင် ဥပဒေနှင့်အညီ သတ်မှတ်ထားသော လိုင်စင်များပါရှိရန် ယာဉ်မောင်းသူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။



ထို့အပြင် စက်တင်ဘာ ၇ ရက်က ပြဋ္ဌာန်းခဲ့သော မော်တော်ယာဉ် ဥပဒေအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ယာဉ်မောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## သတင်းတိုများ

### ပြည်ရွှေဆံတော်စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပမည်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၁၆)ကြိမ်မြောက် စွယ်တော်လှည့်လည်အပူဇော်ခံပွဲကို စည်ကားစွာကျင်းပနိုင်ရေးအတွက် အောက်တိုဘာ ၁၄ ရက်က ညှိနှိုင်းစည်းဝေးခဲ့ကြောင်း သိရသည်။ အစည်းအဝေးတွင် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဆပ်ကော်မတီများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**မောင်ရွှေဝင်း(ပြည်)**

### ဘောဂလိမြို့တွင် နယ်လှည့်ဆေးကုသရေးအဖွဲ့ အခမဲ့ဆေးဝါးကုသ

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ ဖူးထေးလေခန်းမ၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အောက်တိုဘာ ၁၂ ရက်တွင် အခမဲ့ဆေးဝါး ကုသပေးခဲ့ကြကြောင်း သိရသည်။ ဆေးဝါးကုသပေးရာ၌ ဒေသခံတိုင်းရင်းသား ဝေဒနာရှင် ၇၅ ဦးကို ဆေးကုသပေးနိုင်ခဲ့ကြောင်းနှင့် ဝေဒနာရှင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ခွဲ ပြန်/ဆက်)**

# ကျေးရွာမြေပုံဇယားဂရန်များ ဒုတိယအကြိမ်ထုတ်ပေး

**လပွတ္တာ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာနေ ဒေသခံပြည်သူများအတွက် ကျေးရွာမြေပုံဇယားဂရန်များကို အောက်တိုဘာလ ဒုတိယပတ်က ဒုတိယအကြိမ် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေပုံဇယားဂရန်များ ထုတ်ပေးရာတွင် ကျေးရွာမြေပုံဇယားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းတို့က ကျေးရွာမြေပုံဇယားဂရန်စာချုပ် ၂၈ ခုကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့သည်။

ကျေးရွာမြေပုံဇယားဂရန်များ ထုတ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာသည့် တရားဝင်အထောက်အထားများကို ရရှိပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများ ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကျော်မြင့် (ပြန်/ဆက်)**

# ခွာနာလျှာနာရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်သဖြင့် ယာယီပိတ်ထားသော မလှိုင်နွားပွဲဈေး ပြန်လည်ဖွင့်လှစ်

**မလှိုင် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း ကျွဲနွားအချို့တွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားမှုကြောင့် မလှိုင်နွားပွဲဈေးကို ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် အောက်တိုဘာ ၁၄ ရက် နွားပွဲဈေးနေ့မှစ၍ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာနှင့် ဆည်တိုကျေးရွာအတွင်းရှိ ခိုင်းနွားအချို့နှင့် မွေးနွားအချို့တွင် ဩဂုတ် ၂၃ ရက်မှစ၍ ခွာနာလျှာနာရောဂါများ ဖြစ်ပွားနေသဖြင့် မြို့နယ်အတွင်းရှိ အခြားကျေးရွာများသို့ ရောဂါကူးစက်ပျံ့ပွားမှုမရှိစေရန်နှင့် ရောဂါပျံ့ပွားမှုထိန်းချုပ်နိုင်ရန် လိုအပ်ချက်အရ မလှိုင်နွားပွဲဈေးကို ဩဂုတ် ၂၉ ရက်မှစ၍ ယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါကျေးရွာများတွင် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်၍ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ငါးရက်လျှင်တစ်ကြိမ် ဈေးခင်းသည့် မလှိုင်နွားပွဲဈေးကို အောက်တိုဘာ ၁၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နွားပွဲဈေး စဖွင့်သည့်နေ့တွင် နွားရောင်းလာသူ၊ နွားဝယ်လာသူများဖြင့် စည်ကားကာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ခိုင်းနွားတစ်ကောင် အစအနကောင်းလျှင် ငွေကျပ်ခုနစ်သိန်းမှ ရှစ်သိန်းအထိ၊ နွားမ(မဒန်း)တစ်ကောင် အစအနကောင်းလျှင် ကျပ်သုံးသိန်းမှ ငါးသိန်းအထိ ဈေးရှိကြောင်း သိရသည်။

မလှိုင်နွားပွဲဈေးသို့ နွားရောင်းရန် လာရောက်သူများအနေဖြင့်၊ ကွင်းဝင်ကြေးအဖြစ် နွားတစ်ကောင်လျှင် ၁၅၀၀ ကျပ်ပေးရပြီး နွားအရောင်းအဝယ်တည့်လျှင် (ဒေသအခေါ်) စနေတိုင်သို့ ရောင်းသူမှ ၃၀၀၀ကျပ်၊ ဝယ်သူမှ ၃၅၀၀ ကျပ်ပေးရပြီး အလွဲအမှားတစ်စုံတစ်ရာရှိပါက စနေတိုင်မှ တာဝန်ယူဖြေရှင်းပေးကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**





**ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အထက (၁) ကျောင်းမှ ကျောင်းသား ကျောင်းသူများအား မိုးပွင့်အထူးစီမံချက်အပိုင်း (၂) အရ အသက် ၁၀ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို မြို့နယ် လဝကဦးစီးမှူး ဦးကျော်ကျော်ဦးနှင့်ဝန်ထမ်းများက အောက်တိုဘာ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကျင်းပ

**ဆားလင်းကြီး အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ရှိ Action aid Myanmar ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး ဆားလင်းကြီးမြို့မရဲစခန်းမှူး ရဲမှူးအောင်ကျော်က သဘာဝဘေးလျော့ပါးစေရေးနှင့်ပတ်သက်သောအကြောင်းအရာများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင့်လွင်က လူတို့ပြုလုပ်ကြသော သစ်ပင်ခုတ်လှဲခြင်း၊ သယံဇာတတူးဖော်ခြင်းများကြောင့် ဖြစ်ပေါ်လာသော မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ မြစ်ရေလျှံခြင်းစသည့် အကျိုးဆက်များအကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက ကြွပ်ကြွပ်အိတ်များကြောင့် ဖြစ်တတ်သော ပတ်ဝန်းကျင်ညစ်ညမ်းမှုများအကြောင်း၊ Action aid Myanmar မှ တာဝန်ခံ ဒေါ်လုမိုင် (အပူပိုင်းဇုန် ညှိနှိုင်းရေးမှူး)က Action aid Myanmar မှ ဆက်လက်လုပ်ဆောင်သွားမည့် လူမှုရေးလုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**ဦးငယ်(ဆားလင်းကြီး)**

# ကလေးလွင်ပြင် ရေရှည်တည်တံ့ရေး ရေတိုရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိ

**ကလေး အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် လွန်ခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လများက နှစ်ပေါင်း ၁၀၀ ကျော်အတွင်း မကြုံစဖူး အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုကြောင့် တောင်မှမြောက်သို့စီးဆင်းနေသော မြစ်သာမြစ်ကြောင်း တစ်ကျော့ပြန်ရေကြီးရေလျှံမှုများ ဖြစ်ပွားမည်ကို ဒေသခံများစိုးရိမ်ပူပန်လျက်ရှိပြီး ရေကြီးရေလျှံမှု မဖြစ်စေရေးနှင့် ကလေးလွင်ပြင်ဒေသ ရေရှည်တည်တံ့ရေးအတွက်လည်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ ဖြိုးရေးဦးစီးဌာနက ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေကဆိုရင် မိုးနှောင်းရာသီမှာ ရေကြီးမှုဖြစ်လေ့ဖြစ်ထရှိပါတယ်။ အခုဒီနှစ်မှာတော့ ကြုံတောင့်ကြုံခဲ မိုးဦးရာသီမှာ ကြီးကြီးမားမား ရေကြီးရေလျှံ နစ်မြုပ်မှုတွေဖြစ်တော့ အတော်အံ့ဩမိပြီး စဉ်းစားစရာအတွေးတွေဝင်လာပါတယ်။ ချင်းတောင်ပေါ်က တောင်ကျချောင်းရေကြောင့်လည်း ဖြစ်နိုင်တယ်။ နောက်ပြီး တောင်ယာခုတ်ထွင်မှုတွေကြောင့်လည်း ဖြစ်နိုင်တယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင် သစ်တောသစ်ပင်တွေ ပြုန်းတီးလို့လည်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အဓိက ကျွန်တော့် ထင်မြင်သုံးသပ်ချက်ကတော့ မြစ်သာမြစ်ကြောင်းကျဉ်းတွေကြောင့်ပဲလို့ ယူဆပါတယ်။ ဒီမြစ်သာမြစ်ရေ ၃၅ ပေခွဲအထိ လျှံတက်လာတဲ့အခါ ကလေးမြို့အတွက် စိုးရိမ်ရတဲ့အခြေအနေကို ရောက်ရှိလာတာပါ။ အဲဒီလို လျှံတက်နေခြင်းဟာလည်း ကလေးမြို့နယ် ကျီကုန်းကျေးရွာနဲ့ အနီးပတ်ဝန်းကျင် တစ်မိုင်ကျော်အတွင်းမှာရှိတဲ့ ကျောက်ခုတ်လို့ခေါ်ကြတဲ့ မြစ်ကြောင်းကျဉ်းနဲ့ အခြားမြစ်ကြောင်းကျဉ်းတွေရှိနေတဲ့အတွက်ကြောင့် နေရဥ္စရာချောင်းနဲ့ မြစ်သာမြစ်ရေတွေ ဆက်ပြီးစီးဆင်းနိုင်ခြင်းမရှိတော့ဘဲ ကာဆီးထားသလိုဖြစ်နေတယ်။ မြစ်သာမြစ်ကိုကြည့်ရင် ရေကြီးတာချင်းအတူတူ အရှေ့ဘက်မှာ တိုက်စားမှုနည်းပြီး မြို့တွင်းဘက်ကျေးရွာဘက်တွေမှာ ရေတိုက်စားမှုများတယ်။ အဲဒီနေရာတွေကို ချဲ့လိုက်ရင် ရေထွက်ပေါက်ကျယ်သွားပြီး အခုလိုဆိုးရွားတဲ့ ရေကြီးရေလျှံမှုကနေ သက်သာမယ်ဆိုတာကို သုံးသပ်တွေ့ရှိရပါတယ်။ အဲဒါကြောင့် နိုင်ငံတော်အဆင့်ကနေ မြစ်သာမြစ်ကျဉ်းနေရာတွေကို စက်ယန္တရားကြီးတွေ၊ မြစ်ချောင်းပြုပြင်တဲ့ပညာရှင်တွေနဲ့ တွက်ချက်ချဲ့ထွင်ပြီး ဖောက်လုပ်ပေးရင်တော့ ကလေးလွင်ပြင်ဒေသမှာ မြစ်ချောင်းရေကြီးပြီး ရပ်ကွက်ကျေးရွာအထိ ရေကြီးနစ်မြုပ်မှုတွေ ကင်းဝေးသွားနိုင်မှာဖြစ်ပါတယ်"ဟု ကလေးဒေသတွင် တစ်ကျော့ပြန်ရေကြီးရေလျှံမှုဖြစ်ပွားမည်ကို စိုးရိမ်နေသည့် ဦးဂျိုးဇက်လိုလျန်က သုံးသပ်ပြောဆိုသည်။

မြစ်သာမြစ်ရေကြီးချိန်တွင် ချင်းတွင်းမြစ်ပါ ရေကြီးနေခြင်းကြောင့် မြစ်သာမြစ် ကာကွယ်ပေါက်မရှိဘဲ ကလေးဒေသသို့ ရေလျှံထွက်လာခြင်းဖြစ်သည်ဟု အများက ထင်မြင်သုံးသပ်ကြကြောင်း၊ အမှန်မှာ ချင်းတွင်းမြစ်ရေကြီး၍ မြစ်သာမြစ်ရေကို ကာဆီးခြင်းကြောင့် ကလေးဒေသတွင် ရေလျှံတက်လာခြင်း မဖြစ်နိုင်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ကလေးဝမြို့သည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၄၀၀၊ ကလေးမြို့ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနသည် အမြင့်ပေ ၄၅၀နှင့် ကလေးမြို့ လေယာဉ်ကွင်းသည် ပေ ၅၀၀ အမြင့်တွင်တည်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ စာရင်းအရသိရကြောင်း၊ အကယ်၍ ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် ကလေးဒေသရေလျှံလာသည်ဆိုပါက ကလေးဒေသထက် ပေ ၁၀၀ ခန့်နိမ့်သော ကလေးဝမြို့တွင် ချင်းတွင်းမြစ်ရေမှာ အနက်ပေ ၉၀ ကျော်အထိ ရှိသွားမည်ဖြစ်ကြောင်း ဦးဂျိုးဇက်လိုလျန်က ဆက်လက် ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြစ်ကြောင်းချဲ့ထွင်ရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ကလေးမြို့အနီး မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်တို့၏ ရေထွက်ပေါက်မှာ ချင်းတွင်းမြစ်တစ်ခုတည်းသာရှိသောကြောင့် ရေထွက်ပေါက်လမ်းကြောင်းများရရှိစေရန် နိုင်ငံတော်စီမံကိန်းဖြင့် ကလေးလွင်ပြင်ဒေသ ရေရှည်တည်တံ့စေရေးအတွက် မြစ်သာမြစ်ရေလမ်းကြောင်းကို ရေရှည်စီမံကိန်းချမှတ်ရေးဆွဲ၍ မြစ်မျက်နှာပြင် ဧရိယာကျဉ်းမြောင်းသော မြစ်ချောင်းကျဉ်းသုံးနေရာ ချဲ့ထွင်သွားမည်ဖြစ်ပြီး မြစ်သာမြစ်အတွင်း ကမ်းပြိုခဲ့သောနေရာ ၁၁ ခုကိုလည်း ရေတိုစီမံကိန်းချ၍ ကာကွယ်ပြုပြင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောသည်။

မြစ်သာမြစ်ကြောင်း သုံးနေရာကို ချဲ့ထွင်ရာတွင် ကလေးဝမြို့ ရွှေမုဋ္ဌော မြစ်ဆုံမှ ကလေးမြို့နယ် ပြင်သာကျေးရွာအထိ ၂၅ မိုင် ရေလမ်းကြောင်းတွင် မြစ်အရှေ့ဘက် ပေ ၁၀၀၊ ကျောက်ခုတ်မြစ်ကြောင်းကျဉ်းနှင့် နတ်တက်ချောင်းကျဉ်း အပြင် နတ်ကြီးကုန်း- သစ်ချောက် အနီး မြစ်ကြောင်းအတွင်း ကျောက်သားထုများဖြစ်နေသော နေရာများတွင်လည်း ချဲ့ထွင်သွားရန်စီစဉ်လျက်ရှိကြောင်း၊ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်အတွင်းစီးဝင်သော နန့်ကသဲဇီးချောင်း၊



ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီး ကျောက်ခုတ်မြစ်သာမြစ်ကျဉ်း။

နန့်ကလိမ်ဥပုဒ်ချောင်း၊ နတ်မြောင်းချောင်း၊ ဆည်ကြီးချောင်း၊ နတ်တံခါးချောင်းများတွင်လည်း ရွံ့နွံများတင်ကျန်နေသဖြင့် တူးဖော်နေပြီဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။ **ချင်းတွင်းသား**

# မဲရုံးမှူးနှင့် ဒုမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များ သင်တန်းဖွင့်လှစ်

**ဘိုကလေး အောက်တိုဘာ ၁၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူးနှင့် ဒုမဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့်သူများ၏ လုပ်ငန်းတာဝန်များ သင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့၌ အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့သည်။



ဘိုကလေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ဘိုကလေးမြို့နယ်ရှိ မဲရုံပေါင်း ၃၆၁ ရုံတွင် တာဝန်ယူဆောင်ရွက်ကြမည့် မဲရုံမှူးနှင့်ဒုမဲရုံမှူးများအား မဲပေးခြင်းသက်ဆိုင်သည့် အချက်အလက်များ၊ မဲရုံပြင်ဆင်ထားရှိမှု၊ မဲရုံဖွင့်ခြင်း၊ ပိတ်ခြင်း၊ ကြိုတင်မဲပေးမှု ခိုင်လုံမဲနှင့် ပယ်မဲသိကောင်းစရာ၊ မဲရလဒ်ရေတွက်ခြင်း၊ ချိတ်ပိတ်သိမ်းဆည်းခြင်း အစရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဘာသာရပ်များ၊ သိကောင်းစရာများကို မဲဆန္ဒနယ်မြေအလိုက် ဘိုကလေးမြို့နယ်ခန်းမနှင့် မြို့နယ်ပညာရေးမှူး ခန်းမဆောင်၌ နေရာနှစ်ခုခွဲ၍ သင်ကြားပို့ချခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်မှ တာဝန်ရှိသူများက သင်ကြားပို့ချခဲ့ပြီး ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ အဖွဲ့ဝင်များကလည်း လာရောက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**

# သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၁၆**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ကယားပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးတောရယ်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ကုလသမဂ္ဂမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသူကျောင်းသားများအား ဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ် ဦးငွေအောင်၊ လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ရဲနောင်(လှိုင်ကော်)**



# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**မော်လမြိုင် အောက်တိုဘာ ၁၆**

မော်လမြိုင်မြို့ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မွန်ပြည်နယ်ဒေသတစ်ခုလုံး ရော်ဘာစီးပွားရေးလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် မူဘောင်တစ်ရပ်ထွက်ပေါ်လာရေးနှင့်စပ်လျဉ်း၍ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အသေးစားနှင့်အလတ်စား ရော်ဘာလုပ်ငန်းများ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက လူမှုရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မြင့်တက်လာမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများအတွက် မျှော်မှန်းချက်နှင့် စိန်ခေါ်မှုများအနေဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်လာရေးအတွက် မူဘောင်တစ်ရပ်ထွက်ပေါ်လာနိုင်ရေး လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးမိုးမြင့်ကျော်က ရော်ဘာစိုက်ပျိုးထုတ်လုပ် ရောင်းချသည့်အခါ ဈေးပေါပြီး ကုန်ချောဖြင့် ကားတာယာများနိုင်ငံခြားက တင်သွင်းသည့်အခါ ဈေးကြီးပေးဝယ်နေရကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များကို ငွေအထောက်အပံ့များပေးခြင်း၊ ဈေးကွက်များတည်ထောင်ပေးခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးကြီးထွားမှု အရှိန်အဟုန်မြှင့်တင်ခြင်းဖြင့် ပြည်နယ်၏ စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

မွန်ပြည်နယ်ရှိ SME များ ဖွံ့ဖြိုးရန် ဆွေးနွေးခဲ့ကြရာ ဒေါ်တင်မာလှ ညွှန်ကြားရေးမှူး၊ အသေးစားနှင့် အလတ်စားဖွံ့ဖြိုးရေးဌာန ဦးဖြိုးဝေလင်း ရိုးမဘဏ်၊ ဒေါ်သင်းသင်းမြတ်ဥက္ကဋ္ဌ မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်း ဦးထင်အောင်ကျော်၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းဌာနနှင့် ဦးကျော်သန်းအောင် Wave Money တို့က မော်လမြိုင်မြို့ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဈေးကွက်၊ ဘဏ္ဍာရေး၊ ဝန်ထမ်းခန့်အပ်ခြင်းအစရှိသော အဓိကနယ်ပယ်သုံးခုမှ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအကြောင်းကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကြသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များမှ သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များအတွက် ထုပ်ပိုးမှုပုံစံ၊ ကုန်ထုတ်လုပ်ခြင်းနှင့် ဖြန့်ချိရေးလုပ်ငန်းများအကြောင်းကို Dr. Pattra Maneesin ကလည်းကောင်း၊ တန်ဖိုးမြှင့်သဘာဝရော်ဘာထုတ်လုပ်ခြင်းအခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို Dr. Lekshmi Nair ကလည်းကောင်း အလုပ်သမားရေးရာ ဥပဒေများနှင့် လတ်တလောထုတ်ပြန်ချက်များကို ဥပဒေပညာရှင် ဦးသန်းကလည်းကောင်း ဆွေးနွေးအကြံပြုခဲ့ကြသည်။

**မုဒုံမောင်မောင်**

# စမတ်ဖုန်းမှ ကြည့်ရှုနိုင်သော စီစီတီဗွီစနစ် အသုံးများလာ

ပြည်တွင်း၌ မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြုမှု ကျယ်ပြန့်လာချိန်တွင် စမတ်ဖုန်းများ၏ အင်တာနက်လိုင်းမှတစ်ဆင့် စီစီတီဗွီကင်မရာများကို တိုက်ရိုက်ကြည့်ရှုနိုင်သည့်စနစ်ကို တပ်ဆင်အသုံးပြုမှုများလာလျက်ရှိကြောင်း သိရသည်။

"စီစီတီဗွီကင်မရာတွေကို မိုဘိုင်းဖုန်းကနေ တိုက်ရိုက်ကြည့်တဲ့နည်းက ပေါ်နေတာ နှစ်နှစ်ကျော် သုံးနှစ်လောက်ရှိနေပါပြီ။ ဒါပေမယ့် အရင်တုန်းကတော့ မိုဘိုင်းဖုန်းတွေ အသုံးနည်းသလို အင်တာနက်လိုင်းတွေကလည်း မကောင်းတော့ ဒီစနစ်ကို လူသိနည်းပြီး အသုံးနည်းခဲ့တယ်။ အခုနောက်ပိုင်းမှာ လူတွေကတဖြည်းဖြည်း ပိုသိလာသလို ဖုန်းအင်တာနက်ကိုလည်း သုံးတာများလာတော့ တော်တော်များများက ဒီစနစ်ကို တပ်ဆင်အသုံးပြုလာတယ်" ဟု စီစီတီဗွီကင်မရာ တပ်ဆင်ခြင်းအပါအဝင် အဆောက်အအုံအင်ဂျင်နီယာဆိုင်ရာ ဝန်ဆောင်မှုများပေးနေသည့် M-Tech Engineering Group မှ ဒါရိုက်တာ ဦးလှမျိုးက ပြောသည်။

ယခင်က စီစီတီဗွီကင်မရာများ တပ်ဆင်ရာတွင် ရိုက်ကူးသည့်ဒေတာများကို သိမ်းဆည်းထားပြီး နောက်မှ တီဗွီမှတစ်ဆင့် ပြန်ကြည့်ရခြင်းဖြစ်သည်။ ယခု စီစီတီဗွီကင်မရာများကို မိုဘိုင်းဖုန်းမှ တိုက်ရိုက်ချိတ်ဆက်ကြည့်ရှုနိုင်သည့်စနစ်ကို သုံးပါက နေအိမ်များ၊ အဆောက်အအုံများအတွက် လုံခြုံရေးကို ပိုမိုစိတ်ချရမှုရှိစေသလို အလုပ်ရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်များတွင် တပ်ထားခြင်းဖြင့် ဝန်ထမ်းများ၏အခြေအနေကို အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို တိုက်ရိုက်ကြည့်ရှုနိုင်ခြင်း စသည့် အားသာချက်များကြောင့် ပို၍အသုံးများလာခြင်းဖြစ်ကြောင်း သိရသည်။

စီစီတီဗွီကင်မရာများကို ပုံမှန်တပ်ဆင်ရာတွင် လိုအပ်ချက်အနေဖြင့် စီစီတီဗွီကင်မရာများ၊ ကင်မရာများမှ ရိုက်ကူးထားသည့်ပုံများကိုသိမ်းရန်နှင့် ထုတ်လွှင့်ရန်အတွက် Harddisk ပါဝင်သည့် AHD DVR တစ်လုံးလိုအပ်သည်။ မိုဘိုင်းဖုန်းများမှတစ်ဆင့် ကြည့်ရှုနိုင်ရန်အတွက် AHD DVR တွင် Cloud Function ပါဝင်ရန် လိုအပ်ပြီး ရိုက်ကူးထားသော ဒေတာများကို အင်တာနက်ပေါ်တင်ပေးရန်အတွက် အင်တာနက်လိုင်းပါသော ဆင်းကတ်တစ်ခုနှင့် Router တစ်ခု လိုအပ်မည်ဖြစ်သည်။




ယခင်က ဈေးကွက်အတွင်းရှိသော DVR များတွင် Cloud Function မပါဝင်သော်လည်း ယခုနောက်ပိုင်း အသစ်ဝင်သည့် DVR များမှာ အားလုံးနီးပါးတွင် Cloud Function များ ပါဝင်နေပြီဖြစ်ပြီး ဈေးနှုန်းမှာလည်း ယခင်ကပုံမှန် DVR များ၏ ဈေးနှုန်းအတိုင်းသာရှိကြောင်း သိရသည်။

> **"မိုဘိုင်းကကြည့်မယ့် ဗီဒီယိုအရည်အသွေးကတော့ အင်တာနက်လိုင်းအနေအထားအရ အဆင်ပြေမယ့် ဆက်တင်တစ်ခုကို ချိန်ထားရမှာပါ။ လက်ရှိအင်တာနက်လိုင်းအနေအထားအရ အရမ်းကောင်းတဲ့ရုပ်ထွက်ကို မရသေးပါဘူး။ တယ်လီနော၊ အော်ရီဒူးနဲ့ MPT လိုင်းသုံးခုလုံးနဲ့ စမ်းထားတာတော့ 5 Frames per second, 6 Frames per second လောက်ကိုတော့ အဆင်ပြေပါတယ်။"**

မိုဘိုင်းဖုန်းမှ ကြည့်နိုင်သည့် စီစီတီဗွီစနစ် တပ်ဆင်ရန်အတွက် ကုန်ကျစရိတ်များအနေဖြင့် ရုပ်ပုံအရည်အသွေး အသင့်အတင့် (720 P)ရှိသော စီစီတီဗွီကင်မရာများမှာ အင်ဒိုးအနေဖြင့် ကျပ်ခြောက်သောင်းခွဲခန့်၊ ရေစိုခံနိုင်သော အောက်ဒိုးအတွက် ကျပ်ရှစ်သောင်းခွဲခန့်ရှိသည်။ ရိုက်ကူးထားသောပုံများကို သိမ်းရန်အတွက် ဒေတာသိမ်းဆည်းမှု 1TB ပမာဏရှိသော Hard disk ပါဝင်သည့် HD DVR တစ်လုံးလျှင် ကျပ်နှစ်သိန်းကျော်ခန့်ရှိပြီး အင်တာနက်လိုင်းအတွက် ဆင်းကတ်မှ မိုဘိုင်းအင်တာနက်ကိုအသုံးပြုမည်ဖြစ်ကာ GSM Sim Card Router အတွက် ကုန်ကျစရိတ်မှာ ကျပ်ကိုးသောင်းဝန်းကျင်ခန့်ရှိသဖြင့် ပုံမှန်စီစီတီဗွီ တပ်ဆင်ခြင်းထက် စုစုပေါင်း ကျပ်တစ်သိန်းဝန်းကျင်သာ ပို၍ကုန်ကျသောကြောင့် လုပ်ငန်းရှင်အများစုမှာ မိုဘိုင်းစီစီတီဗွီစနစ်ကို တပ်ဆင်ရန် စိတ်ဝင်စားမှုများလာကြခြင်း ဖြစ်သည်။

စီစီတီဗွီကို မိုဘိုင်းမှတစ်ဆင့် ကြည့်ရှုရာတွင်အသုံးပြုထားသော DVR ၏(4, 8, 16, 32 Channel စသည်ဖြင့်) ချန်နယ်အပေါ်မူတည်၍ ကင်မရာအလုံးရေ ၃၂လုံးအထိ တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ "မိုဘိုင်းက ကြည့်မယ့် ဗီဒီယိုအရည်အသွေးကတော့ အင်တာနက်လိုင်းအနေအထားအရ အဆင်ပြေမယ့် ဆက်တင်တစ်ခုကို ချိန်ထားရမှာပါ။ လက်ရှိအင်တာနက်လိုင်းအနေအထားအရ အရမ်းကောင်းတဲ့ရုပ်ထွက်ကို မရသေးပါဘူး။ တယ်လီနော၊ အော်ရီဒူးနဲ့ MPT လိုင်းသုံးခုလုံးနဲ့ စမ်းထားတာတော့ 5 Frames per second, 6 Frames per second လောက်ကိုတော့ အဆင်ပြေပါတယ်"ဟု စီစီတီဗွီတပ်ဆင်သည့် ဝန်ဆောင်မှုပေးနေသူတစ်ဦးက ပြောသည်။

အခြားအားသာချက်တစ်ခုမှာ ရိုက်ကူးထားသော အရုပ်နှင့် အသံများကို တိုက်ရိုက်ကြည့်ရှုနိုင်ခြင်းသာမက ရုပ်ပုံလှုပ်ရှားမှု ဗီဒီယိုရိုက်ကူးသော Motion Alert နှင့် ရုပ်ပုံလှုပ်ရှားလျှင် မိုဘိုင်းဖုန်းအပလီကေးရှင်းဆီသို့ အင်တာနက်မှတစ်ဆင့် အချက်ပြမှုပေးပို့သည့် Motion Alarm လုပ်ဆောင်ချက်များကိုပါ အပိုလုပ်ဆောင်ချက်အနေဖြင့် ထပ်ပေါင်းတပ်ဆင်နိုင်ခြင်းဖြစ်သည်။

စီစီတီဗွီများကို မိုဘိုင်းဖုန်းများမှ တိုက်ရိုက်ကြည့်ရှုခြင်းတွင် အားသာချက်များစွာရှိသော်လည်း အားနည်းချက်များလည်း ရှိနေသည်။ အဓိကအချက်မှာ ဗီဒီယိုများကို အင်တာနက်မှကြည့်သည့်အတွက် အင်တာနက်အသုံးပြုခ ကုန်ကျခြင်းခြင်းဖြစ်သည်။

အခြားအရေးကြီးသည့် အချက်တစ်ခုမှာ ဒေတာများ၏ လုံခြုံမှုမှာ အတိုင်းအတာတစ်ခုအထိသာ စိတ်ချရခြင်းဖြစ်သည်။ ရိုက်ကူးထားသော ဗီဒီယိုများကို အင်တာနက်မှ ကြည့်ရှုရန်အတွက် မိမိတပ်ဆင်ထားသော DVR အမျိုးအစား၊ မော်ဒယ်နှင့်သင့်တော်သည့် မိုဘိုင်းအပလီကေးရှင်းတစ်ခုကို ထည့်သွင်းထားရမည်ဖြစ်သည်။ ထို့နောက် DVR တွင် Password တစ်ခုကိုခံပြီး မိုဘိုင်းအပလီကေးရှင်းတွင် အဆိုပါ Password ကိုထည့်၍ ကြည့်ရမည်ဖြစ်ရာ Password ကို အခြားလူများက တနည်းနည်းဖြင့်သိရှိသွားပါက ကြည့်ရှုနိုင်ခြင်းဖြစ်သည်။ ထို့အပြင် DVR မှ မိုဘိုင်းဖုန်းသို့ ဒေတာများပေးပို့ရာတွင် တိုက်ရိုက်ပေးပို့ခြင်းမဟုတ်ဘဲ DVR ထုတ်လုပ်ရောင်းချသော ကုမ္ပဏီများက တင်ထားသည့် အင်တာနက်ဆာဗာများမှတစ်ဆင့် ပေးပို့ခြင်းဖြစ်ရာ အဆိုပါဆာဗာများတွင် မိမိတို့ဒေတာများလုံခြုံမှုကို အာမခံချက်မှာ DVR များထုတ်လုပ်ရောင်းချသည့် ပြည်ပကုမ္ပဏီများအပေါ်တွင် မူတည်နေကြောင်း သိရသည်။ ဈေးကြီးသည့် နာမည်ကြီးအမှတ်တံဆိပ် DVR များက ဒေတာလုံခြုံမှုအတွက် ပိုမိုစိတ်ချရမည်ဖြစ်ပြီး ဈေးသက်သာသော အမှတ်တံဆိပ်များက လုံခြုံမှုအားနည်းမည်ဖြစ်သည်။

"ဒီစနစ်တွေက အခုနောက်ပိုင်းမှာမှ အသုံးများလာပေမယ့် ဒါကို အသစ်ပေါ်တဲ့နည်းပညာ၊ အရမ်းခက်တဲ့နည်းပညာတစ်ခုလို့ မယူဆစေချင်ပါဘူး။ နိုင်ငံခြားက ကုမ္ပဏီတွေကိုက သူတို့ရဲ့ထုတ်ကုန်တွေကို User တွေ အလွယ်တကူသုံးနိုင်ဖို့ ထုတ်လုပ်ပေးထားတာပါ။ ဒါကြောင့် ဝါသနာအရ လေ့လာရင် ကိုယ့်ဟာကိုယ်တပ်ဆင်ပြီးတော့တောင် လွယ်လွယ်ကူကူ သုံးနိုင်တဲ့အဆင့်ပါ။ ကျွန်တော်တို့အနေနဲ့ ဝန်ဆောင်မှုတွေလုပ်ပေးနေတယ်ဆိုတာကလည်း ဒီဟာတပ်ဆင်တဲ့နည်းပညာက ခက်လွန်းလို့မဟုတ်ပါဘူး။ တပ်ချင်တဲ့လူတွေအတွက် အဆင်ပြေအောင်နဲ့ အာမခံချက်တစ်ခုရအောင် လုပ်ပေးနေတဲ့သဘောပါ"ဟု M-Tech မှ ဦးလှမျိုးက ပြောသည်။

လက်ရှိအချိန်တွင် လုပ်ငန်းရှင်အများစုအနေဖြင့် စီစီတီဗွီကင်မရာကို မိုဘိုင်းဖုန်းများမှတစ်ဆင့် တိုက်ရိုက်ကြည့်ရှုနိုင်သည့်စနစ်ကို အသုံးပြုရန် စိတ်ဝင်စားမှုများပြားနေသလို နောက်ထပ်လည်း အင်တာနက်လိုင်းများ ပို၍ကောင်းလာပါက ယခုထက်ပို၍ အသုံးများလာနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## တယ်လီနောနှင့် myME တို့ ပူးပေါင်းဖွင့်လှစ်သည့် NFE ပညာရေးသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၁၆**

တယ်လီနောမြန်မာနှင့် မိတ်ဖက်ဖြစ်သည့် မြန်မာရွေ့လျား ပညာသင်ကြားရေးစီမံကိန်း(myME)တို့ ပူးတွဲဖွင့်လှစ်ခဲ့သည့် သမားရိုးကျမဟုတ်သော ပညာရေးသင်ကြား မှုအစီအစဉ်(Non-formal education-NFE)၏ ပထမအဆင့် အောင်မြင်ပြီးမြောက်သော ကျောင်းသားလေးများအတွက် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

myME ၏ ရွေ့လျားစာသင်ခန်းအစီအစဉ်အရ အသက်ငါးနှစ်မှ ၁၈ နှစ်ကြား ကျောင်းထွက်ထားသည့် ကလေးငယ်များကို သမားရိုးကျမဟုတ်သည့် ပညာသင်ကြားရေးစနစ်ကိုအသုံးပြုပြီး လုံခြုံသည့်ပတ်ဝန်းကျင်နှင့် အတွေ့အကြုံရှိဆရာများ၏ ကြီးကြပ်မှုဖြင့် သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးငယ်တိုင်းအား အခြေခံစာတတ်မြောက်မှု၊ သင်္ချာနှင့် ကွန်ပျူတာကျွမ်းကျင်မှုများအပြင် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဗဟုသုတများနှင့် ကာကွယ်တားဆီးနိုင်သော ရောဂါများအကြောင်းတို့ကို တစ်ပတ်လျှင်ခြောက်နာရီကြာ သင်ကြားပေးကြောင်း၊ လာမည့်နှစ်များတွင် ပိုမိုကောင်းမွန်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရယူနိုင်မည့် အခြေခံကွန်ပျူတာကျွမ်းကျင်မှုများကိုပါ ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

myME စီမံကိန်းကို တယ်လီနောမြန်မာက ၂၀၁၄ နိုဝင်ဘာလမှစ၍ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး myME ၏ သမားရိုးကျမဟုတ်သော ပညာသင်ကြားမှုအစီအစဉ်ကို တယ်လီနောကုန်အမှတ်တံဆိပ်ဖြင့် ကြော်ငြာထားသည့် ရန်ကုန်နှင့် မန္တလေးရှိ လက်ဖက်ရည်ဆိုင်များတွင် စတင်ခဲ့ကြောင်း၊ လက်ရှိတွင် myME ဝန်ထမ်းအားလုံး၏ လစာကို တယ်လီနောမှ ပေးအပ်ထားပြီး ရွေ့လျားစာသင်ခန်းအဖြစ် အသုံးပြုနိုင်ရန် ဘတ်(စ်)ကားတစ်စီး၊ ကွန်ပျူတာများနှင့် အခြားကျောင်းသုံး ပစ္စည်းကိရိယာများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာသုံးသိန်းကျော်ကို တယ်လီနောက ထောက်ပံ့ပေးထားကြောင်း သိရသည်။

**သူရဖြိုး**

**New Product**

## မာတီမီဒီယာ လုပ်ဆောင်ချက်သစ်များဖြင့် Lenovo VIBE X2




ပြည်တွင်းဈေးကွက်သို့ မကြာမီက ဝင်ရောက်လာသည့် ဓာတ်ပုံရိုက်ခြင်းနှင့် မာတီမီဒီယာပိုင်းဆိုင်ရာ လုပ်ဆောင် ချက်သစ်များစွာပါဝင်သော လီနိုဗိုအမှတ်တံဆိပ် ဖုန်းမော်ဒယ်သစ် ဖြစ်သည်။

ကင်မရာအနေဖြင့် 13MP ရှိ နောက်ဘက်ကင်မရာနှင့် 5MP ရှိ အရှေ့ကင်မရာများပါဝင်ပြီး ဓာတ်ပုံများကို ပိုမိုလှပအောင် ရိုက်ကူးနိုင်မည့် နည်းပညာများပါဝင်သည်။

အသံပိုင်းနှင့်ပတ်သက်၍လည်း ကောင်းမွန်အောင်ပြုလုပ်ထားပြီး hi-fi audio စပီကာ ပါဝင်သည်။ ထူးခြားချက်အနေဖြင့် Black Screen သို့မဟုတ် Lock Screen အနေအထားတွင် ဖုန်းကို အိတ်ထဲမှထုတ်ယူရုံဖြင့် သတ်မှတ်ထားသည့် အပလီကေးရှင်းများကို တိုက်ရိုက်ဖွင့်ပေးမည့် Out-of-Pocket နည်းပညာ ပါဝင်ခြင်းဖြစ်သည်။

နက်ဝပ်အနေဖြင့် GSM သို့မဟုတ် WCDMA ဆင်းကတ်နှစ်ခု ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ကာ အင်တာနက်ချိတ်ဆက်မှုအနေဖြင့် 3G HSPA+ အထိ ရရှိနိုင်မည်ဖြစ်သည်။

မျက်နှာပြင်အကျယ်မှာ ငါးလက်မဖြစ်သည်။ Processor အနေဖြင့် 4G LTE True 8Core နှင့် Ram အနေဖြင့် 2G အထိ ပါဝင်ပြီး Internal Storage 16 GB ပါဝင်ကာ SD Card ကို 128 GB အထိ ထပ်စိုက်၍ သုံးနိုင်သည်။ အန်းဒရွိုက်ဗားရှင်းမှာမူ 4.4.2 (Kitkat)ဖြစ်သဖြင့် နောက်ဆုံးထွက်ဖုန်းတစ်ခုအနေဖြင့်မူ ဗားရှင်း 5(Lollipop) များတွင် နောက်ကျနေသည်။ Lenovo VIBE X2 ကို Lenovo Myanmar က ပစ္စည်းနှင့်လက်ခ တစ်နှစ်အာမခံပေးထားပြီး ဈေးနှုန်းမှာ ၂၉၉၀၀၀ ကျပ် ဖြစ်သည်။

**သူရဖြိုး**

## ကြိုးမဲ့ကွန်ရက်နည်းပညာသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ နက်ဝပ်နည်းပညာရပ်များကို စိတ်ဝင်စားသော လူငယ်များအတွက် Wireless Network Essentials Course (WNE) သင်တန်းအမှတ်စဉ်(၁၅)ကို အောက်တိုဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းထွန်းက ဝိုင်ယာလက် LAN နှင့် Smart WLAN တပ်ဆင်ခြင်း၊ Cisco ဝိုင်ယာလက်နည်းပညာ၊ ဝိုင်ယာလက်အိုင်ပီကင်မရာများ တပ်ဆင်ခြင်း၊ ဒေတာသိမ်းဆည်းမှု စီမံခန့်ခွဲခြင်း(Synology) စသည့် နည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ စနေ၊ တနင်္ဂနွေ တစ်ရက်လျှင် သုံးနာရီကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်းခွဲဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များအနေဖြင့် ကျပ် ၇၅၀၀၀ ဖြစ်သည်။ အသေးစိတ်အချက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ တွင် စုံစမ်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# အင်တာမီလန်နဲ့ ဂျူဗင်တပ်စ်တို့ တွေ့ပြီ



မိုးမြင့်လင်းလက်

အီတလီမြေက စီးရီးအေပွဲစဉ်(၈)ကို အောက်တိုဘာ ၁၈ ရက်မှာ ဆက်လက်ကစားကြမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ပွဲစဉ်မှာတော့ အင်တာမီလန်နဲ့ ဂျူဗင်တပ်စ်တို့ပွဲက ပရိသတ်အကြိုက်ဖြစ်လာမှာ သေချာနေပါတယ်။ နှစ်သင်းစလုံးရဲ့ကစားအားတွေက ဒီပွဲမှာတော့ ဖွင့်ချပေါက်ကွဲကြတော့မှာမို့ စိတ်လှုပ်ရှားစရာကောင်းနေတာတော့ အမှန်ပါပဲ။ ဒါ့အပြင် နာပိုလီနဲ့ ဖီအိုရင်တီးနားတို့ပွဲက လည်း ရသစုံပေးဦးမှာမို့ ဒီတစ်ပတ်ရဲ့စီးရီးအေပွဲစဉ်တွေကလည်း ပရိသတ်ရင်ခုန်သံကို မြန်စေဦးမှာဖြစ်ပါတယ်။

**အင်တာမီလန်နှင့် ဂျူဗင်တပ်စ်**

အင်တာမီလန်ကွင်းမှာနောက်ဆုံးကစားခဲ့တဲ့ ဒီနှစ်သင်းရဲ့ ရလာဒ်ကိုကြည့်ရင်တော့ ဂျူဗင်တပ်စ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဒီနှစ်သင်းရဲ့ခြေစွမ်းမှာတော့ အစပိုင်းမှာ အင်တာမီလန်တို့ခြေစွမ်းကောင်းမွန်ခဲ့ပေမယ့် အခုချိန်မှာတော့ အင်တာမီလန်တို့ခြေစွမ်းပြန်ကျနေပါတယ်။ ဂျူဗင်တပ်စ်တို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့ တဲ့ရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပါတယ်။ နိုင်ပွဲပြန်ရနေတဲ့ ဂျူဗင်တပ်စ်တို့ကတော့ ဒီပွဲမှာ အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ လာမယ့်အပတ်မှာ ချန်ပီယံလိဂ်ကစားဖို့ရှိနေတဲ့ ဂျူဗင် တပ်စ်တို့က ဒီပွဲမှာအင်အားပြည့်ထုတ်သုံးပါ့မလား ကြည့် ရမှာဖြစ်ပါတယ်။ အင်တာမီလန်တို့ကလည်း အိမ်ကွင်း အားသာချက်နဲ့အတူ ဖိအားပေးကစားမှာမို့ အခုပွဲဟာ အမှတ်ခွဲယူရကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**နာပိုလီနှင့်ဖီအိုရင်တီးနား**

အေစီမီလန်နဲ့လီဂါဝါဆောအသင်းတွေကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲတွေဆက်တိုက်ရယူထားတဲ့ နာပိုလီအသင်းဟာ အခုပွဲမှာ ဖီအိုရင်တီးနားကို ကျော်လွှားနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ဖီအိုရင်တီးနားတို့ကလည်း အင်တာမီလန်၊ နန်စီနဲ့အတ္တလန္တာအသင်းတွေကို ဂိုးပြတ်တွေသွင်းပြီး ဆက်တိုက်နိုင်ပွဲတွေရယူထားတာမို့ ဒီပွဲမှာ တွေ့ဆုံမှုက ပြင်းထန်တဲ့ရင်ဆိုင်မှုဖြစ်သွားမှာပါ။ ပြီးခဲ့တဲ့နှစ်က နာပိုလီကွင်းမှာ ကစားတော့ နာပိုလီတို့က သုံးဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အဲဒီလို ရလဒ်မျိုး ထွက်ပေါ်နိုင်မလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ နှစ်သင်းစလုံးရဲ့လက်ရှိခြေစွမ်းအရ အိမ်ရှင်တို့ ကပ်နိုင်သွားဖို့ရှိပါတယ်။

**ဗီရိုနာနှင့် အူဒီးနိစ်**

ဒီနှစ်စီးရီးအေမှာ နိုင်ပွဲတစ်ပွဲမှ မရသေးတဲ့ ဗီရိုနာတို့ အခုပွဲမှာ ခြေစွမ်းကျဆင်းနေတဲ့ အူဒီးနိစ်နဲ့တွေ့ဆုံရမှာမို့ မျှော်လင့်ချက်ထားလို့ရနိုင်တဲ့ပွဲဖြစ်နေပါတယ်။ ပြီးခဲ့တဲ့နှစ်က ဗီရိုနာကွင်းမှာ အူဒီးနိစ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပွဲရထားပါတယ်။ တိုက်စစ်ပိုင်းအားရစရာမရှိပေမယ့် အိမ်ကွင်းမှာ အားထည့်ကစားတတ်တဲ့ ဗီရိုနာက အူဒီးနိစ်နဲ့ပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင်တော့ ကြိုးစားပါလိမ့်မယ်။

**ဆာစူအိုလိုနှင့်လာဇီယို**

ဆာစူအိုလိုကွင်းမှာ လာဇီယိုတို့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ သုံးဂိုးပြတ်နိုင်ပွဲရထားပါတယ်။ လောလောဆယ်မှာလည်း လာဇီယိုတို့က နိုင်ပွဲတွေဆက်တိုက်ရရှိနေတာမို့ အိမ်ရှင်ဆာစူအိုလိုတို့ အခုပွဲမှာမလွယ်ပါဘူး။ လာဇီယိုတို့က ယူရိုပါလိဂ်ပွဲစဉ်ကစားဖို့ရှိနေတာကြောင့် ဒီပွဲမှာ ကစားသမားအင်အားကို ချိန်ဆပြီးထုတ်သုံးလာမှာမို့ အနိုင်ဆိုရင်တောင် ရလဒ်မပြတ်သားနိုင်ပါဘူး။

**ဘိုလော့နာနှင့်ပါလာမို**

ရှုံးပွဲတွေဆက်နေတဲ့ ဘိုလော့နာတို့က အိမ်ကွင်းမှာ နိုင်ပွဲပြန်စတင်မလား ကြည့်ရမယ့်ပွဲပါပဲ။ ပါလာမိုတို့ကလည်း ရိုးမား၊ တိုရီနိုနဲ့ဆာစူအိုလို အသင်းတွေကို ဆက်တိုက်ရှုံးထားတာမို့ ဒီပွဲမှာ အနိုင်ရလဒ်ကိုရှာဖွေဖို့ အားထုတ်လာပါလိမ့်မယ်။ ဘိုလော့နာရဲ့ကစားသမားတွေဟာ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တာမို့ ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်ဖို့ အားထုတ်ပါလိမ့်မယ်။

**အတ္တလန္တာနှင့် ကာပီ**

ဒီနှစ်မှာ တန်းတက်လာတဲ့ ကာပီတို့က နောက်ဆုံးနှစ်ပွဲမှာ တိုရီနိုနဲ့ ဂိုရီကာတို့ကို နိုင်ပွဲရအောင် ကြိုးစားထားနိုင်ပါတယ်။ ခံစစ်ကြောင်းမှာ အမှားအယွင်းများတဲ့ ကာပီတို့အတွက် နိုင်ပွဲလိုအပ်နေတဲ့ အတ္တလန္တာတို့ အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးချပြီး အမှတ်ပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ဂိုးရအောင် သွင်းယူနိုင်တဲ့ အတ္တလန္တာတိုက်စစ်မှူးတွေရဲ့ စိတ်ဓာတ်ပြင်းပြမှုအောက်မှာ ကာပီတို့ ဒုးထောက်ရမယ့်ပွဲပါ။

**ဂျီနိုအာနှင့် ချေယေးဗို**

ပြီးခဲ့တဲ့နှစ်က ဂျီနိုအာကွင်းမှာ ချေယေးဗိုတို့ နှစ်ဂိုးပြတ် နိုင်ပွဲရထားပါတယ်။ အေစီမီလန်ကို အနိုင်ကစားပြီး အူဒီးနိစ်အသင်းကို တစ်ဂိုးစီသရေပွဲ ကစားထားတဲ့ ဂျီနိုအာရဲ့ခြေစွမ်းက လျှော့တွက်လို့တော့မရပါဘူး။ ချေယေးဗိုရဲ့နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကလည်း ရှုံးပွဲမရှိခဲ့တာမို့ ဒီပွဲဟာ ကြည့်ကောင်းမယ့်ပွဲပါပဲ။ တိုက်စစ်စွမ်းရည်မှာ နှစ်သင်းစလုံးအားရစရာမရှိတာက ဒီပွဲရလဒ်ကို သရေအဖြစ် ထွက်ပေါ်သွားနိုင်ပါတယ်။



# စပါးက ပစ်မှတ်ထားနေတဲ့ ဆန်ဒရိုရာမီလက်

တော့တင်ဟမ်ဟော့စပါးအသင်းက ဘာစီလိုနာတိုက်စစ်မှူး ဆန်ဒရို့ရာမီလက်ကို ပြီးခဲ့တဲ့နှစ်ကတည်းက ခေါ်ယူဖို့ မျက်စိကျနေခဲ့တယ်လို့ ဆိုပါတယ်။ စပါးနည်းပြ ပိုချက်တီနိုအနေဖြင့် လာမယ့် ဇန်နဝါရီလမတိုင်မီ ရာမီလက်ကို ပေါင် ၁၀သန်းနဲ့ခေါ်ယူဖို့ ကြိုးစားနေပါတယ်လို့ ဆိုပါတယ်။ ဘာစီလိုနာအသင်းက အသက် ၂၀ အရွယ်ရှိ ရာမီလက် ပြောင်းရွှေ့မှုအတွက် ပေါင် ၁၀သန်း အထိ တောင်းခံထားပါတယ်။ စပါးနည်းပြအနေနဲ့ ပြီးခဲ့တဲ့ရာသီက ရာမီလက်ကို ခေါ်ယူဖို့ နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့ပေမယ့် အောင်မြင်မှု မရခဲ့ပါဘူး။ သို့ပေမယ့် လာမယ့်ဇန်နဝါရီလ အပြောင်း အရွှေ့ရာသီမှာတော့ ရာမီလက်ကို ခေါ်ယူသွားမယ့်အနေအထားရှိပါတယ်။ စပါးအသင်းမှာ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဟယ်ရီကိန်းကို အဓိကပံ့ပိုးပေးမယ့်တိုက်စစ်မှူးမရှိဖြစ်နေပါတယ်။ ဟယ်ရီကိန်းကို ဂိုးပေါက်တွေဖန်တီးပေးမယ့် တိုက်စစ်မှူးကောင်းတစ်ဦး အမြန်ဆုံးလိုအပ်နေပါတယ်။ ဒီအချက်ကို သိနေတဲ့နည်းပြ ပိုချက်တီနိုအနေနဲ့ ဆန်ဒရို့ရာမီလက်ကို အရခေါ်ယူသွားမယ့် အနေအထားရှိပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။

# ချယ်လ်ဆီးအတွက် ကော်စတာပြန်လာပြီ

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ အာဆင်နယ်နောက်တန်းကစားသမား လောရင့်ကွန်စီနီနဲ့ အော်ဟစ်ငြင်းခုံမှုကြောင့် သုံးပွဲပိတ်ပင်ခံရပြီးနောက် စနေနေ့မှာ အက်စ်တွန်ဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားရာမှာ ပါဝင်ကစားဖို့ ချယ်လ်ဆီးအသင်းနဲ့အတူ ပြန်လည်လေ့ကျင့်နေပြီဖြစ်ပါတယ်။ သူက လူဇင်ဘတ်၊ ယူကရိန်းတို့နဲ့ စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားတဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာလည်း ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ကော်စတာဟာ ပိတ်ပင်ခံထားရတဲ့အချိန်အတွင်း သူ့ရဲ့ကိုယ်ပိုင်အားလပ်ရက်တွေမှာ ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ဖို့ ပြင်ဆင်မှုတွေပြုလုပ်နေတယ်လို့ဆိုပါတယ်။ ကော်စတာဟာ ချယ်လ်ဆီးအသင်းရဲ့ ကော့ဟမ်းလေ့ကျင့်ရေးကွင်းမှာ လေးပတ်ကြာလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့တယ်လို့ဆိုပါတယ်။ သူဟာ စနေနေ့မှာ အက်စ်တွန်ဗီလာအသင်းနဲ့ ကစားမယ့်ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်ထားတယ်လို့ဆိုပါတယ်။ ကော်စတာက သူ့အနေနဲ့ ရာသီအစမှာ ဂိုးမသွင်းနိုင်တာဟာ ကိုယ်အလေးချိန်တွေတက်လာတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။

# ဒီဖိုးကို ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ အာမမခံဘူးလို့ နည်းပြဆို

ဂျာမိန်းဒီဖိုးကို ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ အာမမခံဘူးလို့ နည်းပြသစ်ဖြစ်လာတဲ့ ဆမ်အလာဒိုက်က ပြောဆိုလိုက်ပါတယ်။ နည်းပြသစ်ဖြစ်လာတဲ့ ဆမ်အလာဒိုက်ဟာ လာမယ့်ပြိုင်ပွဲမှစပြီး ဆန်းဒါးလန်း နည်းပြသစ်အဖြစ် ကိုင်တွယ်သွားမှာ ဖြစ်ပါတယ်။ အင်္ဂလန်တိုက်စစ်မှူးဟောင်း ဒီဖိုးဟာ နည်းပြအက်စ်ဗိုကတ်ရဲ့လက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့်မရခဲ့ပါဘူး။ ဒီဖိုးအနေနဲ့ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ခြေစွမ်းပြဂိုးတွေ သွင်းယူပေးနိုင်ဖို့ လိုပါတယ်လို့ နည်းပြသစ် ဆမ်အလာဒိုက်က ဆိုပါတယ်။ ဒီဖိုးဟာ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေတာကြာခဲ့ပြီဖြစ်ပါတယ်။ သူ့အနေနဲ့နည်းပြသစ်အတွက် ပုံမှန်နေရာရဖို့ ခြေစွမ်းပြဂိုးတွေ သွင်းယူဖို့လိုတယ်လို့ဆိုပါတယ်။ သို့ပေမယ့် ဒီဖိုးဟာ ယခုနှစ် ပရီမီယာလိဂ်မှာ နှစ်ဂိုးသွင်းယူထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ပရိုမိုးရှင်းအစီအစဉ်ကို
အောက်တိုဘာ ၃၁ ရက်
အထိတိုးမြှင့်လိုက်ပါပြီ။
ဆွေသဟာ
နာရီတိုင်းမှာ
၅ မိနစ်စာ
နာရီတိုင်းမှာ ငါးမိနစ်စာဆိုတဲ့
ဆွေသဟာ အစီအစဉ်က ဘယ်လိုမျိုးလဲ
MPT ဆွေသဟာသုံးစွဲသူ ကနေ
တခြား MPT ဖုန်းတွေကို တစ်နာရီအတွင်း
ကြိုက်သလောက်ဆက်တိုက်ဖုန်း ပြောနိုင်ပြီး
အများဆုံး ၅ မိနစ်ဖိုးပဲပေးရမှာလေ
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်းအတိုင်း ၆၉ ကျပ်ပေါ့
တစ်နာရီလုံးမနားတမ်းဆက်တိုက်ပြောရမှာလား
၁၀ မိနစ်လောက်ပဲပြောရင်ရော
တစ်နာရီလုံး မနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး ၁၀ မိနစ်ဆက်တိုက်ပြောရင်
၅ မိနစ်စာ ၁၁၅ ကျပ်ပဲပေးရပါမယ် နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ်၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၁၁၅ ကျပ် နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ၂၃၀ ကျပ်
စုစုပေါင်း ၃၄၅ ကျပ် ကျသင့်ပါမယ်
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာ ၁၁၅ ကျပ်ပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
တစ်နေ့မှ တစ်နာရီပဲပြောလို့ရတာလား
Oct
ညနေ ၆ နာရီကနေ ည ၁၀ နာရီ အတွင်းကလွဲပြီး ကျန်တဲ့အချိန်တွေအားလုံးမှာ
အကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ရပါတယ်
အောက်တိုဘာလ (၃၁) ရက်နေ့ ထိ ဒီပရိုမိုးရှင်း က အကျုံးဝင်ပါတယ်
ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။
အသေးစိတ်သိရှိလိုပါက mptofficialpage www.mpt.com.mm
CALL CENTER 106
free hotline, 24 hours everyday


SAMSUNG
Galaxy S6 edge+
NEXT IS NOW
စတင်ရောင်းချခြင်းအထူးအစီအစဉ်
ကျပ် ၂၅,၀၀၀ တန် Original ClearCover
ooredoo နံပါတ်အလှ ဆင်းမ်ကတ် လက်ဆောင်
လက်ဆောင်အရေအတွက်ကန့်သတ်ထားပါသည်။ လက်ဆောင်အရောင်ကွဲလွဲနိုင်သည်။
www.facebook.com/samsungmobilemyanmar
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)
SAMSUNG



SWEETY HOME
PROMOTION DATE
10th to 31st Oct 2015
up to
20
% OFF
20th
Since 1995
ANNIVERSARY
ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့်အခွင့်အရေး နှင့်
ဆုမဲပေါင်းများစွာ
"ဆွိတီးဟုမ်း ကုမ္ပဏီ နှစ်(၂၀) ပြည့်အထိမ်းအမှတ်အနေဖြင့်"
